မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၂၈)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဘဏ်မှ (IFC)၏ Executive Vice President အား လက်ခံတွေ့ဆုံ ပြည်သူ့ဘဏ္ဍာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကမ္ဘာ့ဘဏ်မှ International Finance Corporation (IFC) ၏ Executive Vice President နှင့် CEO Mr. Jin-Yong Cai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးလှထွန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်စွမ်းအားဆိုင်ရာကဏ္ဍများ၊ ပြည်သူ့ဘဏ္ဍာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အတွေ့အကြုံများ ပံ့ပိုးမျှဝေကူညီပေးသွားနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကမ္ဘာ့ဘဏ်မှ International Finance Corporation (IFC) ၏ Executive Vice President နှင့် CEO Mr. Jin-Yong Cai အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဆွေးနွေးရေးအဖွဲ့တို့တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဆွေးနွေးရေးအဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီမှ ညနေ ၄နာရီ ၁၅ မိနစ်အထိ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့ ဦးစီး (၆)ဦး၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဆွေးနွေးရေးအဖွဲ့မှ ဦးဆွမ်လွတ်ဂမ်နှင့် ဗိုလ်ချုပ်ဂွမ်မော်တို့ဦးစီး (၅)ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Luo Zhaohui ဦးစီး(၂)ဦး၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/ SSA) မှ ဗိုလ်မှူးချုပ်စိုင်းလူး ဦးစီး (၃)ဦး၊ ဦးဟန်ညောင်ဝေနှင့် Victor Biak Lian တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အချက် (၅)ချက်ပါ ပူးတွဲကြေညာချက်အား နှစ်ဖက်သဘောတူထုတ်ပြန်ခဲ့ကြသည်။

အဆိုပါပူးတွဲကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) ဆွေးနွေးရေးအဖွဲ့တို့သည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ရက်နေ့ (၀၉း၀၀)အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ရွှေလီမြို့တွင်တွေ့ဆုံဆွေးနွေးခဲ့ပြီး (၁၆း၁၅)အချိန်တွင် ပြီးဆုံးခဲ့ပါသည်။

၂။ ယခုဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr.Luo Zhaohui၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်(၁)ဦး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) မှ ဗိုလ်မှူးချုပ်စိုင်းလူးနှင့်အဖွဲ့ဝင်(၂)ဦး၊ ဦးဟန်ညောင်ဝေနှင့် ဦးဗစ်တာဗျက်လျန်တို့ သက်သေများအဖြစ် တက်ရောက်ခဲ့ကြပါသည်။

၃။ ယခုဆွေးနွေးပွဲတွင် နှစ်ဖက်ဆက်သွယ်ရေးလမ်းကြောင်းထားရှိရေး၊ နှစ်ဖက်စစ်ရေးတင်းမာမှုများ လျှော့ချနိုင်ရေး၊ နောက်တစ်ကြိမ်အစည်းအဝေးအတွက် ပြင်ဆင်မှု၊ နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် လေ့လာသူများနှင့် သက်သေအဖြစ် ပါဝင်နိုင်မည့် အဖွဲ့အစည်းများအား ဖိတ်ခေါ်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

၄။ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို KIO အဖွဲ့အစည်းအနေဖြင့် UNFC နှင့် ညှိနှိုင်းပြီးနောက် ဖေဖော်ဝါရီလ မကုန်မီ ကျင်းပရန်နှင့်အစိုးရနှင့် KIO အကြား နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားကြရန် သဘောတူကြပါသည်။

၅။ အစိုးရနှင့် KIO အကြား ခိုင်မာသောစစ်ပြေငြိမ်းရေးကို အလျင်အမြန်အကောင်အထည်ဖော်နိုင်ရန် ပဋိပက္ခဖြစ်ပွားသောနေရာများကို လေ့လာစောင့်ကြည့်စိစစ်ရေးစနစ်ပေါ်ပေါက်ရန် ဆက်လက်ဆွေးနွေး ဆောင်ရွက်ရန် သဘောတူညီသည်။

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်။ **ရွှေလီမြို့။**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အောင်မြင်စေကြောင်း နည်းလမ်းကောင်း

မကြာမီ အတန်းတင်စာမေးပွဲတွေ ဖြေဆိုကြရတော့မည်။ ကျောင်းသား ကျောင်းသူများ၏ အဓိကရည်မှန်းချက်သည် တစ်နှစ်တာသင်ယူခဲ့ရသော သင်ခန်းစာများကို ကျေညက်ပြီး စာမေးပွဲကို ကောင်းစွာဖြေဆို၍ တစ်နှစ်တစ်တန်း တက်လှမ်းကြရန်ဖြစ်ပါသည်။ တစ်နှစ်တစ်တန်း တက်လှမ်းနိုင်မှလည်း ကျောင်းသား ကျောင်းသူတစ်ယောက်အနေဖြင့် တာဝန်ကျေမည် ဖြစ်ပါသည်။ မိဘတို့က ကျောင်းထားပေးရကျိုးနပ်ပါမည်။

ဤသို့ဆိုလျှင် ညီငယ် ညီမငယ်တို့ မကြာမီဖြေဆိုမည့် အတန်းတင်စာမေးပွဲကြီးကို အောင်မှဖြစ်မည်။ အောင်အောင်လည်း ကြိုးစားရမည်။ ကြိုးစားမှသာ အောင်နိုင်မည်။ ကြိုးစားခြင်းသည် အောင်မြင်မှု၏ လမ်းစပင်ဖြစ်သည်။ အောင်ရာအောင်ကြောင်းအတွက် မကြာမီက ကိုးဘွဲ့ရဆရာတော် ဟောကြားတော်မူသော တရားထဲက စကားသုံးခွန်းကို ပြန်လည်ဖြန့်ဝေပေးလိုပါသည်။ ထိုစကားသုံးခွန်းသည်ကား-

၁။ အကောင်းဆုံးလုပ်ပါ

၂။ ထပ်တလဲလဲလုပ်ပါ

၃။ လုပ်ချင်တဲ့ဆန္ဒမွေးထားပါ ဟူ၍ဖြစ်ပါသည်။

အကောင်းဆုံးလုပ်ပါဆိုသည့်အတိုင်း စာမေးပွဲကြီးကို ကောင်းမွန်စွာဖြေဆိုနိုင်ရန် အကောင်းဆုံး ကြိုးစားထားရပါမည်။ မည်သို့ဖြေဆိုလျှင် မည်သို့အမှတ်ကောင်းကောင်းရမည်။ မည်သို့ကျက်မှတ် တွက်ချက်ထားမည်၊ စာမေးပွဲကြီးတွင် အမှားအယွင်း၊ အကျအပေါက်နည်းအောင်ကြိုးစားမည် စသည်ဖြင့် အကောင်းဆုံးလုပ်ဖို့ လိုပါသည်။

ထပ်တလဲလဲလုပ်ပါဆိုသည့်အတိုင်း ရပြီးစာများ၊ မရသေးသောစာများ၊ ပုစ္ဆာများ အကြိမ်ကြိမ်အခါခါ ကျက်မှတ်တွက်ချက်နေရပါမည်။ ခေါင်းထဲတွင် စွဲမြဲနေအောင် တရစပ်ရွတ်ဖတ်နေကြရပါမည်။ ယခုအချိန်သည် ရပြီးစာများ မေ့ပျောက်မသွားစေရန် အချိန်ရတိုင်း ကျက်မှတ်နေကြရပါမည်။ အိပ်ချိန်ကိုလျှော့၊ အစားလျှော့၊ အပျော်အပါးလျှော့ပြီး စာကျက်ချိန်များများပေးရပါမည်။

တစ်ဖန် လုပ်ချင်တဲ့ဆန္ဒမွေးထားပါဆိုသော စကားအတိုင်း စာမေးပွဲကိုအောင်ချင်သည့်စိတ်ဓာတ် အပြည့်အဝ မွေးမြူထားရပါမည်။ မည်သည့်အလုပ်မဆို အောင်မြင်လိုသောဆန္ဒ ကိန်းအောင်းနေပါမှ အောင်မြင်နိုင်စွမ်းရှိပါသည်။ အောင်မြင်လိုသောဆန္ဒမရှိလျှင် အောင်မြင်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အောင်မြင်လိုသောဆန္ဒသည် အရေးကြီးပါသည်။ အောင်ရမည်။ ပြည့်ပြည့်ဝဝအောင်ရမည်။ အမှတ်ကောင်းကောင်းဖြင့် အောင်ရမည်ဟု သန္နိဋ္ဌာန်အခိုင်အမာချပြီး ကြိုးစားရမည်ဖြစ်ပါသည်။ သို့မှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ဤသုံးချက်နှင့် ညီညွတ်အောင် ကြိုးစားသူမှန်သမျှ မုချမသွေ စာမေးပွဲကြီးအောင်မြင်မှာ သေချာပါသည်။ ထို့ကြောင့် အချိန်ဖြုန်းမနေနှင့်၊ တွေးမနေနှင့်၊ ငေးမနေနှင့်၊ မြန်မြန်ကျက်၊ နာနာတွက်၊ အကောင်းဆုံးဖြစ်အောင်လုပ်၊ ထပ်တလဲလဲလုပ်၊ လုပ်ချင်သောဆန္ဒမွေးထားပါ။ အကောင်းဆုံး ဖြေဆိုနိုင်အောင် ကြိုးစားထားကြပါဟု တိုက်တွန်းအပ်ပါသည်။ ။

ပြည်တွင်းသတင်း

ရေဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရေဖြူမြို့နယ် ကျွဲသုံးညီမကျေးရွာနှင့် ဂန်းတောကျေးရွာတို့ရှိ တာတမံတည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ကျွဲသုံးညီမကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ရပ်မိရပ်ဖများနှင့် ဂန်းတောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် သဲချောင်းကျေးရွာအုပ်စု မော်ငန်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျွဲကုန်းကျေးရွာ၌ တာတမံတည်ဆောက်မည့်မြေနေရာနှင့် ဖောင်းတောအခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ဂိမ်းဆိုင်နှင့်ကျောင်းသားများ

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော် ပျဉ်းမနားမြို့ရှိ အခြေခံပညာ ကျောင်းများဖွင့်ရက် ကျောင်းတက်ချိန်များတွင် ကျောင်းသားတချို့ ကျောင်းစာသင်ခန်းတွင် စာသင်ကြားမှုမရှိဘဲ ဂိမ်းဆိုင်၌ သွားရောက်ဆော့ကစားနေကြသည်ကို တွေ့မြင်နေကြရသည်။

ယခုအချိန်အခါသည် တက္ကသိုလ်ဝင်စာမေးပွဲကြီး နီးကပ်လာပြီဖြစ်၍ စာမေးပွဲဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ၏ ကျောင်းစစ်စာမေးပွဲများကိုပါ အပတ်စဉ်ဖြေဆိုနေကြရာ စာမေးပွဲနီးကပ်လာသည့် ယခုဖေဖော်ဝါရီလသည် အလွန်အရေးပါဆုံးလ ဖြစ်သည်ကို ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများ အသိဆုံးပင် ဖြစ်သည်။

"ကျောင်းသားတွေက လွယ်အိတ်ထဲမှာ အဝတ်တစ်စုံအပိုယူလာတယ်။ ပြီးတော့ ကျောင်းကိုမသွားဘဲ ပျဉ်းမနားမြို့ ကိုးခမ်းဘုရားကြီး၊ မင်္ဂလာရှမ်းကန် အစရှိတဲ့နေရာတွေမှာ ကျောင်းစိမ်းအဖြူကို အပိုထည့်လာတဲ့ အဝတ်တစ်စုံနဲ့ ချွတ်လဲကာ သူတို့ကျောင်းနဲ့ကင်းဝေးတဲ့ ဂိမ်းဆိုင်တို့၊ အင်တာနက်ဆိုင်တို့ကို သွားအချိန်ဖြုန်းပြီး ထမင်းစားချိန်အမီ အိမ်ပြန်တာကို နေ့စဉ်လိုလို မြင်နေရတယ်"ဟု ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်မှ မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

"ကျောင်းရှိဆရာ ဆရာမတွေကတော့ နေ့စဉ်အတန်းတက်စာရင်းခေါ်ပါတယ်။ ကျောင်းသားတွေကလည်း ခွင့်စာအမျိုးမျိုးဖြင့် မိဘတွေမသိအောင် လိမ်လည်တိုင်ကြားတာတွေရှိကြတယ်။ ဆရာ ဆရာမတွေက သက်ဆိုင်ရာမကင်းဖြစ်တဲ့ ကျောင်းသားအိမ်တွေကို လိုက်မေးတာမျိုးလည်း ရှိပါတယ်။ ဂိမ်းဆိုင်ဖွင့်တဲ့ ဆိုင်ရှင်တွေအနေနဲ့ ကျောင်းတက်ကျောင်းသားတွေကို ကျောင်းဖွင့်ရက် ကျောင်းတက်ချိန်တွေမှာ ပေးမကစားရင် အကောင်းဆုံးပဲ။ ဆရာ၊ မိဘနေရာက ကိုယ်ချင်းစာဖို့ ကောင်းတယ်"ဟု အထက(၂)ပျဉ်းမနားမှ အလယ်တန်းပြဆရာတစ်ဦးက ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	မြဝတီအဖွင့်
၇း၀၃	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၂၉	မြန်မာ့ရှုခင်း
၇း၄၃	မြန်မာသံစဉ်ချိုနားဝင်
၇း၅၃	စည်းလုံးညီညာ အောင်ကြောင်းဖြာ (ဝလူမျိုး)
၈း၁၀	ဇာတ်လမ်းတို
၈း၂၅	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	မြဝတီအဖွင့်
၄း၀၃	အဖွင့်သီချင်း
၄း၀၈	အမျိုးသားရေးတေးကဗျာ
၄း၁၅	မျိုးချစ်တပ်မတော်
၄း၂၅	မော်လမြိုင်မြို့သို့ အလည်တစ်ခေါက်
၄း၃၅	ခနှီးရာသိုင်းအက(ခနှ)
၄း၄၅	၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဘောဂဗေဒ)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	ယနေ့ရန်ကုန်မြင်ကွင်းစုံ
၆း၃၀	Football City Tour
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန်** (အပိုင်း-၂)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ကျောင်းဆောင်သစ် ပန္နက်တင် အခမ်းအနားကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွှေအင်းရှင်ငယ်ကျေးရွာ မူလတန်းလွန်ကျောင်းဝင်းအတွင်း မူလတန်းလွန် ကျောင်းဆောင်အသစ် ပန္နက်တင်အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ တိုင်းဒေသကြီး သတ္တုနှင့်သစ်တောဝန်ကြီး ဦးသန်းစိုးမြင့်နှင့် အလှူရှင်ဒေါက်တာလှကြွယ်တို့က မင်္ဂလာအချိန်တွင် ပန္နက်တော်တင်ပေးကြသည်။

အဆိုပါမူလတန်းလွန် ကျောင်းဆောင်သစ်ကို အနံ ၃၆ ပေ၊ အလျား ပေ ၁၀၀၊ သွပ်မိုး၊ နံကပ် အခန်းငါးခန်းပါရှိပြီး အလှူရှင်မှာ နန်းအိမ်သူ ဆောက်လုပ်ရေးကုမ္ပဏီနှင့် AKM သောက်ရေသန့်ပိုင်ရှင် ဒေါက်တာလှကြွယ်နှင့် သုဓမ္မသိင်္ဂီ ဒေါ်အေးအေးအောင် မိသားစုမှ လှူဒါန်းကြောင်း သိရှိရသည်။

ကျော်မြ(ကျောက်ဆည်)

စုပေါင်းအားဖြင့် ကွန်ကရစ်လမ်းခင်း

ဘိုကလေး ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အမှတ်(၈)ရပ်ကွက် သုခ(၅)လမ်းတွင် ဖေဖော်ဝါရီ ၁ ရက်က အကျယ် ၁၀ ပေ၊ အလျား ပေ ၁၇၅၀ ရှိ ကွန်ကရစ်လမ်းကို လမ်းသူလမ်းသားများ၏ စုပေါင်းအင်အားဖြင့် အောင်မြင်စွာ ခင်းကျင်းဆောင်ရွက်သည်။ **(အောက်ပုံ)**

အဆိုပါ မြို့မ(၈)ရပ်ကွက်နယ်မြေအတွင်း လမ်းသွယ်ကိုးလမ်းရှိရာ ယခုအချိန်အထိ လမ်းသွယ်ခုနစ်လမ်းနှင့် ပေ ၁၆၀၀ ရှိ လမ်းချင်းဆက်ဖြတ်လမ်းမကြီးကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းမြင့် ဦးဆောင်၍ ရပ်ကွက်ပြည်သူများက မိမိတို့၏အင်အားဖြင့် ကွန်ကရစ်လမ်းများဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၀၈၇)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ပျဉ်းမနား ဖေဖော်ဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းမှ စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီတွင် ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက် မဟာလယ်တီစံကျောင်းတိုက် ဓမ္မရင်ပြင်တွင် ဟောပြောမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် မန္တလေးမြို့မှ စာရေးဆရာများဖြစ်သော ဆရာနေဝင်းမြင့်က ဘဝထဲကစာ ဘဝထဲကကဗျာ၊ ဆရာမခင်ခင်ထူးက ကျေးလက်ကဗျာ ကျေးလက်စာ၊ ဆရာညိုထွန်းလူက စာနယ်ဇင်းသမားနှင့် ဘဝကြေးမုံခေါင်းစဉ်များဖြင့် သုတ ရသစာပေများ ဟောပြောမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၃၉)

ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ မိတ္ထီလာတွင် ဖွဲ့စည်းတာဝန်ပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၄

မိတ္ထီလာမြို့အတွင်းရှိ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ကျေးရွာအုပ်စု ၅၈ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းထွန်းဇော်က ကျေးရွာအုပ်စု ၅၈ အုပ်စုအတွက် ရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ခန့်အပ်လွှာများကို အောင်ဆန်းရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၈ အုပ်စုမှ ကိုယ်စားလှယ်များထံ ပေးအပ်သည်။

၎င်းနောက် မြို့နယ်မြေစာရင်းဦးစီးမှူးက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(၄၃၅)

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူးဦးအောင်ဇိုင်
Grammar & Essay ဖေ့စ် သင်တန်း
၂၄၂-ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 430 85263

UNIQUE STAR TRAVELS & TOURS

[illegible] (20Days/19Nights)	Apr:9~28	(6,000,000)
[illegible]	Apr:9~22	(4,500,000)
[illegible]	Apr:10~18	(3,400,000)
[illegible] ALL TG	Apr:9,10,13	(2,800,000)
[illegible] ALL TG	Apr:10,13	(2,000,000)
[illegible]	Apr:10,11,12,13	(1,300,000)
[illegible]	Apr:10,11	(1,400,000)
[illegible]	Apr:10,12	(1,700,000)
[illegible]	Apr:10,12,13	(1,200,000)

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

ပြည်တွင်းသတင်း

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (၃၀/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်း၌ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာညီလာခံများ ကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်းနှင့် ဆက်သွယ်ပြောဆိုမှုပညာ စသည်တို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ဆောက်လုပ်မည့် စားရိပ်သာကို ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁)ရန်ကုန် စားရိပ်သာပန္နက်တင်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဆေးတက္ကသိုလ်(၁) ရန်ကုန် စားရိပ်သာ (Food Court) ပန္နက်တင်အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းဆေးတက္ကသိုလ်(၁) ရန်ကုန်ရှိ ဆေးပညာသင်ကြားရေးစွမ်းအားစု ဗဟိုဌာနအနီး မြေကွက်လပ်မဏ္ဍပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ မင်္ဂလာအချိန် ကျရောက်သည်တွင် စားရိပ်သာကို ပန္နက်တင်ပေးပြီး ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ အလှူရှင် ရွှေနန်းတော်၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဒေါက်တာအောင်ကျော်ဝင်းနှင့် ပါမောက္ခချုပ် ဒေါက်တာသန်းချို့တို့က အသီးသီး ပန္နက်တင်ပေးခဲ့ကြသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါစားရိပ်သာ အဆောက်အအုံကို ရွှေနန်းတော်၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင် မိသားစုက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ငွေကျပ်သိန်း ၂၇၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။

အဆောက်အအုံမှာ ပေ (၈၀× ၄၀) RC အမျိုးအစား နှစ်ထပ်ဆောင်ဖြစ်ကာ အပေါ်ထပ်တွင် နားနေခန်းနှင့် အစည်းအဝေးခန်း၊ အောက်ထပ်တွင် စားသောက်ခန်းများနှင့် အရောင်းဆိုင်များပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်သူများ ဈေးကွက်ဈေးနှုန်းသတင်းရရှိရန် ကုန်စည်ဒိုင်များတွင် ကွန်ပျူတာများတပ်ဆင်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

တောင်သူများဈေးကွက်ဈေးနှုန်း သတင်းအချက်အလက်များကို သိရှိနိုင်စေရန် နယ်ကုန်စည်ဒိုင်များတွင် ကွန်ပျူတာများ တပ်ဆင်အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်မြို့ UMFCCI ၌ ကျင်းပသည့် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲဆုံးဖြတ်ချက်များမှ သိရသည်။

ထုတ်လုပ်မှုဖြစ်စဉ်တွင် အခြေခံအကျဆုံးသည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများဖြစ်ကြသည်။ သီးနှံပေါ်ချိန်တွင် ဈေးမကောင်းခြင်း၊ ကုန်သည်များထံရောက်မှ ဈေးကောင်းရအောင် ဈေးကစားခြင်းတို့ကို တောင်သူများ အဓိကရင်ဆိုင်နေကြရသည်။ ထို့ကြောင့် တောင်သူများသည် ပြည်တွင်းပြည်ပမှဈေးကွက်နှင့် ဈေးနှုန်းသတင်းအချက်အလက်များကို သိရှိနိုင်ကြခြင်းဖြင့် ဈေးကောင်းရအောင် အချိန်ကိုက်စိုက်ပျိုးထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်းကို အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဖွံ့ဖြိုးတိုးတက်လာမည်

ယနေ့ခေတ်တွင် သတင်းအချက်အလက်သည် အရေးကြီးသဖြင့် တောင်သူများ သိရှိနိုင်စေရန်လည်း ကုန်စည်ဒိုင်များအား ကွန်ပျူတာများပေးနိုင်ရန်လည်း စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။ နယ်ကုန်စည်ဒိုင်များတွင် ကွန်ပျူတာများ ချိတ်ဆက်အသုံးပြုနိုင်ခြင်းဖြင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်နေသည့် သီးနှံအမျိုးအစားအလိုက် ဈေးနှုန်းဖြစ်ပေါ်မှု၊ အရောင်းအဝယ်ဖြစ်နေသည့် အရေအတွက်များအား နေ့စဉ်ထုတ်ပြန်ပေးသွားနိုင်မည်ဖြစ်သည်။ သို့မှသာ သီးနှံများဈေးကောင်းရရှိကာ ဝင်ငွေပိုမိုရရှိလာပြီး တောင်သူများ၏ လူမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းကိုလည်း UMFCCI အသင်းချုပ်ဥက္ကဋ္ဌက ပြောပြခဲ့သည်။ **(နန္ဒာဝင်း)**

မြန်မာ့ရုပ်မြင်သံကြား

၅-၂-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၂၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၅ Road to 27th SEA GAMES (ဝူရှူး)

ညပိုင်း

၄း၃၀ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၅း၄၀ SEA GAMES (Go For Gold) (တိုက်ကွမ်ဒို)
၆း၀၀ ညနေခင်းသတင်း
၆း၂၀ ဆိုလိုက်ကြစို့
၈း၀၀ ပြည်တွင်းသတင်း
- တန်ဖိုးထားထိန်းသိမ်းပါ အစဉ်လန်းပိ အဏ္ဏဝါအမျိုးသားဥယျာဉ် (ခရင်းဂွ. . . ကျွန်းစုဆီသို့)
- **လူမှန်နေရာမှန်** (အပိုင်း-၃) ဒွဲဒိုး၊ မိုးတိမ်၊ ဝက်မ၊ စိစိ၊ လန်ဒန်၊ ငွေတိုး၊ ရွှေသွေး၊ ဆည်းဆာ၊ ဇော်၊ ယုန်လေး၊ ခင်မောင်မြင့်၊ စူပါလင်း၊ မေသော်ချစ် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၁၀း၀၀ ပြည်တွင်းသတင်း



နိုင်ငံတကာသတင်း

မြောက်ကိုရီးယား နျူကလီးယားတင်းမာနေချိန် အမေရိကန်နှင့်တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်

ဆိုးလ်   ဖေဖော်ဝါရီ   ၄

တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် မြောက်ကိုရီးယားကို စစ်အင်အားပြသသည့်အနေဖြင့် သုံးရက်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၄ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို အမေရိကန်နျူကလီးယားရေငုပ်သင်္ဘောတစ်စင်းလည်း ပါဝင်စစ်ရေးလေ့ကျင့်ရန် စီစဉ်ထားသည် ဟုဆိုသည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားက တတိယအကြိမ်မြောက် နျူကလီးယားလက်နက်စမ်းသပ်ရန်စီစဉ်နေကြောင်း ပြောကြားခဲ့ပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် မြေအောက်ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်လာခဲ့သည်ရှိသော် အကောင်းဆုံးကာကွယ်သွားနိုင်မည့်လေ့ကျင့်မှုများ ပြုလုပ်သွားရန်လည်း ကတိပြုပြောဆိုခဲ့ကြသည်။ မြောက်ကိုရီးယားက ယင်းစစ်ရေးလေ့ကျင့်မှုကို ဝေဖန်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကို ကိုရီးယားကျွန်းဆွယ်အရှေ့ပိုင်း၌ ပြုလုပ်လျက်ရှိသည်။ **(ဘီဘီစီ)**

ပြင်သစ်ဂျက်တိုက်လေယာဉ်များ မာလီသူပုန်ခံတပ်ကို ဗုံးကြဲ

ကစ်ဒယ်   ဖေဖော်ဝါရီ   ၄

ပြင်သစ်တပ်ဖွဲ့ဝင်များ မာလီနိုင်ငံမြောက်ပိုင်းကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး သုံးပတ်အကြာ သူပုန်တို့၏ နောက်ဆုံးခံတပ်ဖြစ်သည့် ကစ်ဒယ်ကိုအပြီးသတ်ချေမှုန်းရန် ကြိုးပမ်းသည့်အနေဖြင့် ပြင်သစ်ဂျက်တိုက်လေယာဉ်များက မာလီမြောက်ပိုင်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။

ပစ်မှတ်ထား

ပြင်သစ် ဂျက်တိုက်လေယာဉ် အစင်း ၃၀ က အာဖဂန်နယ်စပ်အနီး တောင်ကုန်းတောင်တန်းများ ထူထပ်လျက်ရှိသည့် အစ္စလာမ္မစ်သူပုန်တို့၏ လေ့ကျင့်ရေးနှင့် ဆက်သွယ်ရေးနေရာများကို ပစ်မှတ်ထားလျက် ဗုံးများကြဲချခဲ့သည်။ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က မြောက်ပိုင်းရှိ သူပုန်တို့အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် မာလီနိုင်ငံပြန်လည်ထူထောင်ရာတွင် ကူညီပေးမည်ဟုလည်း ကတိပြုပြောဆိုခဲ့သည်။

စိုးရိမ်ပူပန်

သို့သော်လည်း ကစ်ဒယ်အနီး တောင်ကုန်းများပေါ်တွင် တိုက်ခိုက်ရေးသမားများ အုပ်စုပြန်ဖွဲ့မည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

ယင်းဒေသသည် ပြင်သစ်နိုင်ငံသားများအား စစ်သွေးကြွများက ပြန်ပေးဆွဲလေ့ရှိသော နေရာတစ်ခုဖြစ်သည်။

(ဘီဘီစီ)



ကျူးဘားပါလီမန်ရွေးကောက်ပွဲ ခေါင်းဆောင်ဟောင်း ကက်စထရိုမဲပေး

ဟာဗားနား   ဖေဖော်ဝါရီ   ၄

ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်ကက်စထရိုသည် ကျူးဘားပါလီမန်ရွေးကောက်ပွဲများကျင်းပစဉ် လာရောက်ဆန္ဒမဲပေးခဲ့ကြောင်း၊ ယင်းဆန္ဒမဲပေးခြင်းသည် ၎င်းအနေဖြင့် လပေါင်းများစွာကြာပြီးနောက် ကျူးဘားပြည်သူများရှေ့မှောက်သို့ ပထမဆုံးထွက်ပြခဲ့ခြင်းလည်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ရေးသားသည်။ **(အပေါ်ပုံ)**

အသက် ၈၆ နှစ်အရွယ်ရှိနေပြီဖြစ်သော ကက်စထရိုသည် မဲရုံတစ်ခု၌ ဆန္ဒမဲပေးနေသည်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ ကက်စထရိုအနေဖြင့် ၎င်းမဲရုံတွင် မီဒီယာများနှင့် အခြားမဲပေးသူများအား အချိန်တစ်နာရီခန့် စကားပြောခဲ့သည်ဟုဆိုသည်။

ကျူးဘားရွေးကောက်ပွဲတွင် အတိုက်အခံပါတီများဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ အားလုံးသောကိုယ်စားလှယ်များသည် အာဏာရပါတီက ရွေးချယ်တင်မြှောက်ပေးထားကြသည်။ **(ဘီဘီစီ)**

ဖိလစ်ပိုင်နစ်မြုပ်ရေယာဉ်မှ လောင်စာဆီယိုဖိတ်နိုင်ကြောင်း သတိပေး

မနီလာ   ဖေဖော်ဝါရီ   ၄

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အိုရီယန်တယ်မင်ဒိုရိုပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုအနီး တစ်ဝက်တစ်ပျက်နစ်မြုပ်နေသည့် ခရီးသည်တင်ရေယာဉ်တစ်စင်းကို အဆိုပါဧရိယာအတွင်းမှ ချက်ချင်းမဖယ်ရှားလျှင် လောင်စာဆီယိုဖိတ်မှုဖြစ်နိုင်သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က သတိပေးထားခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။ အဆိုပါလောင်စာဆီယိုဖိတ်မှုအရောင်ကို ကယ်လပန်ကမ်းခြေရေပြင်အနီးမှ တွေ့မြင်ခဲ့ရကြောင်း၊ သို့သော်လည်း ယင်းလောင်စာဆီယိုဖိတ်မှုမှာ ချက်ချင်းပျောက်ပျက်သွားခဲ့ကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။ ၎င်းလောင်စာဆီယိုဖိတ်မှုဖြစ်ပွားသည့်နေရာရှိ ရေပြင်သည် လေပြင်းများတိုက်ခတ်မှုနှင့် ရေစီးများကြောင့် ကြီးမားသောရေလှိုင်းအဖြစ်သို့ ပြောင်းလဲသွားမည်ဆိုလျှင် အဆိုပါရေယာဉ်သည် နစ်မြုပ်ပြီး ကြီးမားသောလောင်စာဆီယိုဖိတ်မှုဖြစ်ပွားနိုင်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ပါကစ္စတန်တက်ကြွလှုပ်ရှားသူ မာလာလာ ဘာမင်ဂမ်ဆေးရုံ၌ နှစ်ကြိမ်ခွဲစိတ်မှုအောင်မြင်

လန်ဒန်   ဖေဖော်ဝါရီ   ၄

ပြီးခဲ့သည့်နှစ် အောက်တိုဘာလက တာလီဘန်လက်ချက်ကြောင့် ဦးခေါင်းထိမှန် ဒဏ်ရာရရှိခဲ့သည့် အသက် ၁၅ နှစ်အရွယ် ပါကစ္စတန်တက်ကြွလှုပ်ရှားသူ မာလာလာယူဆပ်ဇိုင်းသည် သူမ၏ဦးခေါင်းခွံ ခွဲစိတ်ကုသမှုအောင်မြင်ခဲ့ပြီဖြစ်ကြောင်း ဗြိတိသျှဆရာဝန်များ၏ ပြောကြားချက်ကို ဇန်နဝါရီ ၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မာလာလာသည် သူမ၏နားကြားမှု ပြန်လည်ကောင်းမွန်စေရန် နားအတွင်းသို့ လျှပ်စစ်ပစ္စည်းတစ်ခုထည့်သွင်းခြင်းနှင့် ဦးခေါင်းခွံအတွင်း တိုက်တေနီယံသတ္တုပြားတစ်ချပ်ထည့်သွင်းခြင်းတို့အတွက် ဖေဖော်ဝါရီ ၂ ရက်က ဘာမင်ဂမ်မြို့ရှိ ကွင်းအဲလစ်ဇဘတ်ဆေးရုံ၌ ခွဲစိတ်ကုသမှုနှစ်ခု ခံယူခဲ့သည်ဟုဆိုသည်။

ထိုခွဲစိတ်မှုနှစ်ရပ်စလုံးအောင် မြင်ခဲ့ကြောင်း၊ ယခုအခါ သူမ၏ ကျန်းမာရေးမှာ ကောင်းမွန်တိုးတက်လာပြီဖြစ်ကြောင်း ဆေးရုံပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

သူမ၏ကျန်းမာရေး ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ သူမအား ခွဲစိတ်ကုသပေးသည့် ဆေးဘက်ဆိုင်ရာအဖွဲ့အနေဖြင့် အလွန်ကိုကျေနပ်မိသည်ဟု သူမ၏အခြေအနေကို ဖွင့်ဟပြောကြားခဲ့ကြောင်း၊ ထို့အပြင် မာလာလာသည် သူမ၏မိသားစုဝင်များနှင့် ဝန်ထမ်းများကို အိပ်ရာမှထကာ စကားပြောဆိုနေပြီဖြစ်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

မာလာလာသည် အာရုံကြောများ ပြန်လည်ပြုပြင်ရန်နှင့် ဦးခေါင်းပျက်စီးမှုကို ကုသရန်အတွက် ဆေးဝါးစောင့်ရှောက်မှုလိုအပ်ကြောင်း ပါကစ္စတန်ဆရာဝန်များက ပြောကြားခဲ့ပြီးနောက် ဗြိတိန်နိုင်ငံရှိ အဆိုပါဆေးရုံသို့ လေယာဉ်ဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလက ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**



တင်မောင်လွင်-စုစည်းသည်

ကယ်လီဖိုးနီးယား၌ ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက်မှုဖြစ်ပွား

လော့စ်အိန်ဂျလိစ်   ဖေဖော်ဝါရီ   ၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ယူကိုင်ပါမြို့အနီး တောင်ကြားလမ်းကျဉ်းတစ်ခု၌ ဖေဖော်ဝါရီ ၃ ရက်ညက နိုင်ငံခြားခရီးသွားဧည့်သည်များ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးရှစ်ဦးသေဆုံးပြီး နှစ်ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်ကို လော့စ်အိန်ဂျလိစ်တိုင်းမ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါမတော်တဆမှုသည် ယင်းဘတ်စ်ကားက အခြားကုန်တွဲတင်ယာဉ်တစ်စီးကို တိုက်မိခြင်းဖြစ်ပြီး ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲ၌ ထိုသို့တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်အချို့မှာ ဘတ်စ်ကားထဲမှ လွင့်ထွက်သွားပြီး အချို့မှာ ဘတ်စ်ကားထဲတွင် ပိတ်မိနေကြသည်ဟုဆိုသည်။ ၎င်းမတော်တဆမှုသည် ပြင်းထန်လွန်းပြီး ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် သေဆုံးသူအရေအတွက်အတိအကျသိရှိရန်ပင် ခက်ခဲနေသည်ဟုရေးသားဖော်ပြထားသည်။ **(ရိုက်တာ)**

ဆွေးနွေးပွဲအချိန်မီ ပြန်လာရန် အီရန်ကို အမေရိကန် သတိပေးလိုက်ပြီ

တိုး

အီရန်ခေါင်းဆောင်ပိုင်းက အလိုရှိလျှင် အီရန်၏နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်က အီရန်နှင့် တိုက်ရိုက်ဆွေးနွေးရန် အသင့်ရှိကြောင်း အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုက်ဒင်က ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ပြောကြားလိုက်သည်။ ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပသည့် မြူးနစ်လုံခြုံရေးညီလာခံ၌ အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုက်ဒင်က ယင်းကဲ့သို့ ပြောကြားပြီး အီရန်ခေါင်းဆောင်ပိုင်းနှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးရန် မိမိတို့အသင့်ရှိကြောင်း အစကပင် ရှင်းလင်းပြောဆိုထားသည်ဟုလည်း ရှင်းပြသည်။

အီရန်အနေဖြင့် စေ့စပ်ရေး ဆွေးနွေးပွဲသို့ ပြန်လာရန်လည်း ဒုတိယသမ္မတက တိုက်တွန်းသည်။ ပြဿနာကို သံတမန်နည်းလမ်းအရ ဖြေရှင်းရန် တံခါးဖွင့်ထားကြောင်း၊ သို့သော် ဤသည်မှာလည်း အချိန်အကန့်အသတ်မရှိ ဖွင့်ထားမည်မဟုတ်ဟုလည်း သတိပေးလိုက်သည်။

အီရန်နိုင်ငံက နာသန့်ရှိ ၎င်း၏ အဓိက ယူရေနီယံသန့်စင်ရေးစက်ရုံတွင် စက်ဒလက်သစ်များ တပ်ဆင်မည့်အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်အစိုးရက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အပြစ်တင်လိုက်သည်။

အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံဖြစ်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သော အမေရိကန်၊ တရုတ်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့ ပါဝင်သည်။ ပီ (၅+၁)နှင့် ဆွေးနွေးပွဲများ ပြန်စရေး ညှိနှိုင်းစဉ် အဆိုပါ စက်ဒလက်သစ်များတပ်ဆင်မည့် အစီအစဉ်ကို အီရန်က နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)သို့ ပြီးခဲ့သည့် ရက်သတ္တပတ်က အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

ယူရေနီယံသန့်စင်မှုလုပ်ငန်းများ ရပ်ရန် အီရန်ကငြင်းသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အနောက်အုပ်စုအင်အားကြီးနိုင်ငံများက အီရန်အား အရေးယူပိတ်ဆို့ကာ ဖိအားပေးခြင်းဖြစ်သည်။ အီရန်နိုင်ငံကလည်း ၎င်း၏နျူကလီးယား အစီအစဉ်များ ငြိမ်းချမ်းရေး လုပ်ငန်းသက်သက်အတွက်ဖြစ်သည်ဟု အခိုင်အမာ ရပ်တည်နေသည်။

အမေရိကန် ဒုတိယသမ္မတဂျိုးဘိုက်ဒင်

အီရန်က ၎င်း၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာ တာဝန်များကို လိုက်နာရန် ငြင်းဆိုနေသမျှကာလပတ်လုံး ထိုသို့ သောဖိအားပေးမှုများ ဆက်လက်ကြုံတွေ့ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျေးကာနေက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က ပြောကြားသည်။

အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုက်ဒင်ကလည်း အီရန်ကို ဖိအားပေးလျက် ပြဿနာအောင်မြင်စွာ ဖြေရှင်းရန် သံတမန်နည်းအတွက် အချိန်အခါ အခြေအနေပေးနေကြောင်း ဆောင်ရွက်ရန်မှာ အီရန်နိုင်ငံ၏ အလှည့်ဖြစ်ကြောင်း မြူးနစ်လုံခြုံရေးညီလာခံ၌ ထည့်သွင်းပြောကြားသည်။

စက်ဒလက်သစ်များ တပ်ဆင်မည့်အစီအစဉ်ကို အီရန်က အကြောင်းကြားလာသည်ဟု နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အဖွဲ့ဝင်များသို့ ဇန်နဝါရီ ၃၁ ရက်က ပေးပို့သည့် အကြောင်းကြားစာတွင် ဖော်ပြပါရှိသည်။ အီရန်၏အကြောင်းကြားစာကို အိုင်အေအီးအေက ဇန်နဝါရီ ၂၄ ရက်တွင် ရရှိသည်ဆို၏။

အီရန်နိုင်ငံက ၎င်း၏ ငြိမ်းချမ်းရေးသက်သက်အတွက် အသုံးပြုရမည့် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ လုပ်ငန်းခွင်ကို စွန့်လွှတ်မည်မဟုတ်ကြောင်း အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီ၏ ထိပ်တန်းအကြံပေး ပုဂ္ဂိုလ် အလီအက္ကဘာဗယ် လာယက်တီက ဇန်နဝါရီ၂၆ ရက်တွင် ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာကမူ နျူကလီးယားလက်နက်ပိုင် အီရန်နိုင်ငံဖြစ်ရန် အချိန်နီးကပ်လာပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက်က သတိပေးလိုက်ပြီး လုပ်စရာရှိလျှင် သက်ဆိုင်ရာပတ်သက်သူများအနေဖြင့် တုံ့ပြန်ရန်လက်မနှေးသင့်ကြောင်း ထောက်ပြပြောကြားသည်။

အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးရေးမှာ အီရန်နိုင်ငံအဖို့ ကြီးမားသည့် အခက်အခဲမဟုတ်ကြောင်း၊ အီရန်နှင့်ပတ်သက်၍ အမေရိကန်အနေဖြင့် သဘောထားပြောင်းလဲမည်ကို အီရန်က မျှော်လင့်ထားပြီးဖြစ်ကြောင်း အီရန် ပါလီမန်ဥက္ကဋ္ဌ အလီလာရီဂျာနီက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။ အီရန်နှင့် အမေရိကန်တို့ အလွတ်သဘောဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်ဆိုသော သတင်းများမှာ မဟုတ်မမှန်ဟု အလီလာရီဂျာနီက ငြင်းဆိုလိုက်သည်။

၁၉၇၉ ခုနှစ်က အီရန်ကျောင်းသားများက အမေရိကန်သံရုံးကို ဝင်စီးကာ သံတမန်များကို ဖမ်းဆီးပြီး အချို့ကို လွှတ်ပေးသော်လည်း ၅၂ ဦးကို ၄၄၄ ရက်ကြာ ဓားစာခံများအဖြစ် ဖမ်းဆီးပြီးနောက် ၁၉၈၀ ပြည့်နှစ် ဧပြီ ၇ ရက်တွင် အမေရိကန်က အီရန်နှင့် သံတမန်ကို အဆက်ဖြတ်လိုက်သည်။

အီရန်-အမေရိကန်ဆက်ဆံရေးနှင့် စပ်လျဉ်း၍ မည်သည့်လုပ်ငန်းအစီအစဉ်မဆို အီရန်ဘာသာရေးခေါင်းဆောင်၏ သဘောတူညီမှုမပါဘဲ အကောင်အထည်ပေါ်လာမည်မဟုတ်ကြောင်း အီရန်အရာရှိများက အလေးအနက်ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ရုရှားနှင့် အမေရိကန်တို့ တူညီသောအမြင်များရှိကြောင်း၊ သို့သော် ယင်းကိစ္စနှင့် စပ်လျဉ်းသည့် ကိုင်တွယ်ချဉ်းကပ်ပုံတွင် ကွာခြားကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့က အမေရိကန်မဂ္ဂဇင်း နေရှင်နယ်အင်ထရက်စ်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။ အီရန်အရေး ဖြေရှင်းရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံ ပီ (၅+၁)တို့ နျူကလီးယား ဆွေးနွေးပွဲပြန်စရန် တရုတ်နိုင်ငံက ဇန်နဝါရီ ၂၅ ရက်တွင် တိုက်တွန်းလိုက်ရာ မော်စကို၌ လွန်ခဲ့သည့် ငါးလက နောက်ဆုံး ကျင်းပခဲ့သည့် စေ့စပ်ဆွေးနွေးပွဲကို မည်သည့်အချိန်တွင် ပြန်လည်စတင်နိုင်ပါမည်နည်း။

ကင်ဆာရောဂါနှင့်ပတ်သက်၍ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်အသိပေး

လန်ဒန် ဖေဖော်ဝါရီ ၄

ကင်ဆာရောဂါသည် စောစီးစွာ သိရှိပြီး ခွဲစိတ်ကုသနိုင်လျှင် သေဆုံးခြင်းမှ ကာကွယ်နိုင်ကြောင်း ကမ္ဘာ့ကင်ဆာသုတေသန ရန်ပုံငွေအဖွဲ့ (ဒဗလျူစီအာအက်ဖ်)က ပြောကြားလိုက်သည်။

ကာကွယ်ပေးနိုင်ခဲ့

ဗြိတိန်နိုင်ငံတွင် ရောဂါမရင့်မီ လူပေါင်း ၁၃၀၀၀ သည်ကင်ဆာရောဂါဖြစ်ပွား၍ သေဆုံးခြင်းမှ နှစ်စဉ် ကာကွယ်ပေးနိုင်ကြောင်း အဆိုပါ ကင်ဆာသုတေသန ရန်ပုံငွေအဖွဲ့က ပြောကြားသည်။

ပြည်သူတို့အနေဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုနည်းပါးအောင် နေထိုင် စားသောက်ကြရန် လိုကြောင်း၊ ပြည်သူများအား ကင်ဆာရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန် လိုအပ်ကြောင်း ၎င်းအဖွဲ့က ဆက်လက်ပြောကြားသည်။

ဗြိတိန်နိုင်ငံသား သုံးပုံတစ်ပုံခန့်သည် ကင်ဆာရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ၎င်းတို့၏ ကံကြမ္မာမှာ တိုးတက်လာသည်ဟု ယုံကြည်ထားကြသည်။ ဗြိတိန်နိုင်ငံတွင် နှစ်စဉ် ကင်ဆာရောဂါဖြစ်ပွားသူ ၁၅၇၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။

ကင်ဆာရောဂါကြောင့် ဗြိတိန်နိုင်ငံတွင် ခန့်မှန်းထားသည်ထက် သေပျောက်မှု ကျဆင်းသွားသော်လည်း ကင်ဆာဖြစ်သူများ တိုးလာခြင်းနှင့် အသက်အရွယ်ကြီးသူများ ဖြစ်ပွားမှုများလာခြင်းကြောင့် ၂၀၂၅ ခုနှစ်အရောက်တွင် ၎င်းနိုင်ငံ၌ ကင်ဆာကြောင့် လူပေါင်း ၁၈၂၀၀၀ အထိ သေဆုံးနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားကြသည်။

စစ်တမ်းကောက်

ကင်ဆာရောဂါနှင့် ပတ်သက်၍ ဒဗလျူစီအာအက်ဖ်က အရွယ်ရောက်သူ ၂၀၀၀ ကျော်အား စစ်တမ်းကောက်ယူခဲ့ရာ ၂၈ ရာခိုင်နှုန်းက ကင်ဆာရောဂါကို ကာကွယ်နိုင်စွမ်းရှိသည်ဟု ဆိုကြသည်။ ကင်ဆာရောဂါသည် ဆောလျင်စွာသတိပေးခြင်းဖြင့် နှစ်စဉ် လူပေါင်း တစ်သန်းခွဲခန့် အသက်ဘေးမှ ကာကွယ်နိုင်လိမ့်မည်ဟု နိုင်ငံတကာကင်ဆာထိန်းချုပ်ရေးအဖွဲ့နှင့် နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ခန့်မှန်းထားကြသည်။

(ဘီဘီစီ)

ကောင်းမြတ်သူ-ရေးသည်

နိုင်ငံတကာသတင်း

ဗဟိုအာဖရိက အစိုးရသစ် သူပုန်နှင့်အာဏာခွဲဝေအုပ်ချုပ်

ဗဟိုအာဖရိက သမ္မတနိုင်ငံဝန်ကြီးချုပ်က စည်းလုံးညီညွတ်သော အစိုးရအဖွဲ့သစ်ကို ထုတ်ဖော်ကြေညာလိုက်ကြောင်း ဖေဖော်ဝါရီ ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြထားသည်။ ဝန်ကြီးချုပ် တီယန်ဂေးသည် ဆီလက်ကာသူပုန်များနှင့် အတိုက်အခံတို့ပါဝင်သော အာဏာခွဲဝေ အုပ်ချုပ်ရေးအစိုးရသစ်ကို ထုတ်ဖော်ကြေညာခဲ့သည်။ အစိုးရသစ်တွင် ဇန်နဝါရီ ငြိမ်းချမ်းရေးစာချုပ်အရ သူပုန်နှင့်အတိုက်အခံတို့အား အဓိက နေရာများပေးထားသည်။ ဆီလက်ကာ သူပုန်ညွန့်ပေါင်းခေါင်းဆောင် မစ်ချယ်ဒီဂျိုတိုဒီယာသည် ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ခန့်အပ်ရန် ရွေးချယ်ထားသည်။ လက်ရှိဝန်ကြီးချုပ် တီယန်ဂေးသည် ယခင်အတိုက်အခံအဖွဲ့ဝင် တစ်ဦးဖြစ်သည်။ မိမိတို့အနေဖြင့် စည်းလုံးညီညွတ်သော အစိုးရသစ်တစ်ရပ်ထူထောင်လိုက်ပြီဖြစ်ကြောင်း သမ္မတဖရန်ဆွာဘိုဇီဇီက နိုင်ငံပိုင်ရေဒီယိုသို့ ပြောကြားသည်။

ကန်တပ်ဖွဲ့ဝင်များ အာဖဂန်မြေမှ မထွက်နိုင်သေး

အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းရေး နိုင်ငံတကာမှ ဆော်ဩတိုက်တွန်းနေသော်လည်း ၂၀၁၄ ခုနှစ် နောက်ပိုင်းဆက်လက်ရှိနေမည်ဟု မျှော်လင့်ရကြောင်း ပင်တဂွန်တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၄ ခုနှစ်အကုန် အာဖဂန်မှ ရုပ်သိမ်းရမည်ဖြစ်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိပြီး ဝါရှင်တန်က ကဘူးလ်နှင့် မဟာဗျူဟာပေါင်းဖော်ဖက်အဖြစ် ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာနှင့် ဗိုလ်ချုပ်ကြီး မာတင်ဒမ့်ဆေးတို့က ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

အိုဘားမား အစိုးရသည် တန်ပြန်အကြမ်းဖက်မှုစစ်ဆင်ရေးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များကို ကူညီရန် အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀၀ ဆက်လက်ထားရှိရန် စီစဉ်လျက်ရှိသည်။

အမေရိကန်က အီဂျစ်သို့တိုက်လေယာဉ်များပေးပို့

ဝါရှင်တန်က ကိုင်ရိုသို့နှစ်စဉ် စစ်ရေးကူညီမှုအစိတ်အပိုင်းအဖြစ် အမေရိကန်က အီဂျစ်နိုင်ငံသို့ F-16 တိုက်လေယာဉ်လေးစင်းပေးပို့ခဲ့ကြောင်း ဖေဖော်ဝါရီ ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်များရောက်ရှိမှု အထိမ်းအမှတ် အခမ်းအနားအဖြစ် အမေရိကန်နှင့်အီဂျစ်တာဝန်ရှိသူများက ပူးပေါင်း ကျင်းပခဲ့ကြကြောင်း ကိုင်ရိုမြို့ရှိ အမေရိကန်သံရုံးကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းတိုက်လေယာဉ်များသည် အမေရိကန်က အီဂျစ်ကို ယခုနှစ်အတွင်း ပေးပို့ရမည့် လေယာဉ်အစင်း ၂၀ ၏ အစိတ်အပိုင်းဖြစ်သည်။ ကျန်လေယာဉ်များကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ပေးပို့သွားမည်ဟုဆိုသည်။ အမေရိကန်နိုင်ငံသည် အီဂျစ်သို့ သမ္မတဟောင်း ဟိုစ်နီမူဘာရက် လက်ထက်မှစပြီး F-16 တိုက်လေယာဉ်အစင်း ၂၂၄ စင်းအထိ ပို့ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး - ရေးသည်

Duplo ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]ညွန့်မြို့နယ်၊ [illegible] အမှတ်(၁၈-၂၄)တွင် တည်ထောင်မှတ်ပုံတင်ထားသော GANDAMAR Office Machines Ltd ၏ [illegible] အောက်ပါ အတိုင်းအသိပေးကြေညာအပ်ပါသည်။

ဂျပန်နိုင်ငံတွင် တည်ထောင်ထားသော Duplo Corporation သည်မြန်မာနိုင်ငံတွင် Duplo ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ [illegible] မှတ်ပုံတင်စာချုပ်အမှတ် ၃၃၃၅ / ၂၀၁၂ ဖြင့်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Duplo Corporation သည်၎င်း[illegible] International Class 2,7,9,16 တို့တွင် ပါဝင်သော ပစ္စည်းများကို မြန်မာနိုင်ငံတွင် [illegible] GANDAMAR Office Machines Ltd [illegible] ဖြစ်ပါသည်။

[illegible] Duplo အမှတ်တံဆိပ်[illegible] Master Roll အမျိုးမျိုးကို ဂျပန်နိုင်ငံမှတင်သွင်းထားသော Duplo အမှတ်တံဆိပ်ပစ္စည်းများဖြစ်ကြောင်း [illegible]

[illegible] ဂျပန်နိုင်ငံမှတင်သွင်းထားသော Duplo အမှတ်တံဆိပ် ပစ္စည်းများ[illegible] GANDAMAR Office Machines Ltd မှ [illegible]

ထို့ကြောင့် Duplo ကုန်အမှတ်တံဆိပ်ဖြင့် [illegible] Master Roll အမျိုးမျိုးတွင် [illegible] Duplo ကုန်အမှတ်တံဆိပ်ဖြင့် [illegible] အသိပေးကြေညာအပ်ပါသည်။

Duplo အမှတ်တံဆိပ်[illegible] Master Roll အမျိုးမျိုးကို [illegible] အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြင့်မြင့်ဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၁၁၆/၇၄)

၂၄၇/၂၄၉ (ဒုတိယ-ထပ်)၊ [illegible]၊ ဗိုလ်တထောင်မြို့နယ်။ HP-09-5057383

ဆောင်းပါး

ရေအရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)
အငြိမ်းစားပါမောက္ခချုပ်

"ကမ္ဘာ့ရေနေ့" - World Water Day အထိမ်းအမှတ် အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံအများအပြား၌ နှစ်စဉ်မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ကြပါသည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၁၃ ခုနှစ်ကို **"International Year of Water Cooperation"** **"ရေအရေးပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်"** အဖြစ် တညီတညွတ်တည်း သတ်မှတ်ခဲ့ပါသည်။ **"UN-Water"** **"ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့"** က ၂၀၁၃ခုနှစ် ကမ္ဘာ့ရေနေ့၏ အာဘော် (Theme) ကိုလည်း **"Water Cooperation"** **"ရေအရေးပူးပေါင်းပါဝင်ဆောင်ရွက်ပေး"** ဟုပင် ရည်ညွှန်းရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ Water Cooperation ကို မြန်မာဘာသာဖြင့် **"ရေအရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး"** ဟု ခေါ်ဆိုပါက ဆီလျော်မည် ထင်ပါသည်။

ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့က ယူနက်စကိုအဖွဲ့ (The United Nations Educational, Scientific and Cultural Organization - UNESCO)အား **"ရေအရေးပူးပေါင်းဆောင်ရွက်မှုအပြည်ပြည်ဆိုင်ရာနှစ်"** နှင့် **"ကမ္ဘာ့ရေနေ့"** များနှင့် သက်ဆိုင်သည့် လှုပ်ရှားမှုများကို ဦးစီးဦးဆောင်ပြုရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ယူနက်စကိုအဖွဲ့သည် United Nations Economic Commission for Europe (UNECE) - ကုလသမဂ္ဂဥရောပစီးပွားရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး United Nations Department of Economics and Social Affairs (UNDESA) - ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးဌာန၊ United Nations Water - Decade Program on Capacity Development (UNW-DPC) - ကုလသမဂ္ဂရေအရေးဆိုင်ရာစွမ်းဆောင်မှုဖွံ့ဖြိုးရေး ဆယ်စုနှစ်အစီအစဉ်နှင့် United Nations Water - Decade Program on Advocacy and Communication (UNW-DPAC) - ကုလသမဂ္ဂ ရေအရေးဆိုင်ရာတရားရေးနှင့် ဆက်သွယ်ရေး ဆယ်စုနှစ်အစီအစဉ်များ၏ ပံ့ပိုးမှုများကိုပါ ရယူမည်ဖြစ်ပါသည်။

နယ်သာလန်နိုင်ငံက **"ရေအရေး ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်"** အခမ်းအနားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးလိုကြောင်း လိုလားစွာ ကမ်းလှမ်းခဲ့ပါသည်။ ရေအရေးပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်နှင့် ကမ္ဘာ့ရေနေ့ လှုပ်ရှားမှုများသည် အဖွဲ့အစည်းပေါင်းစုံအား ရေအရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် ထူးခြားသည့်အခွင့်အလမ်းများ ရရှိစေမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ လူသားအားလုံးအတွက် အရေးအကြီးဆုံး၊ အလိုအပ်ဆုံးအရာသည် သန့်ရှင်းသော သောက်သုံးရေဖြစ်ပါသည်။ လူတိုင်းလူတိုင်း နေ့စဉ်နေ့တိုင်း နံနက်အိပ်ရာထသည်မှစ၍ အိပ်ရာဝင်သည်အထိ ရေကို မရှိမဖြစ်သုံးစွဲရပါသည်။ ရေသောက်၊ မျက်နှာသစ်၊ သွားတိုက်၊ သန့်စင်ခန်းဝင်၊ ရေချိုး၊ ထမင်းဟင်းချက်ပြုတ်၊ အိုးခွက်ပန်းကန်ဆေး၊ အဝတ်လျှော်၊ ပန်းပင်သစ်ပင်များ၊ မြက်ခင်းများ ရေလောင်း၊ မော်တော်ကားရေဆေး စသည့်အမှုကိစ္စအဝဝတို့အတွက် မိမိတို့ကိုယ်တိုင် တိုက်ရိုက်သုံးစွဲသည့် (Direct Use) ရေများ ရှိသကဲ့သို့ စားသုံးသည့် ဆန်၊ ဆီ၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ သီးနှံ၊ သားငါး စသည့် စားသောက်ဖွယ်ရာများ စိုက်ပျိုးမွေးမြူထုတ်လုပ်ရန်၊ အဝတ်အထည်များအတွက် အမျှင်ပင်များ စိုက်ပျိုးရန်၊ အဝတ်စများရက်လုပ်ရန်၊ အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ရန်၊ ဆေးဝါးနှင့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် သွယ်ဝိုက်၍ ကုန်ကျသည့် (Indirect Use) ရေများလည်း ရှိပါသည်။

ဤသို့ သုံးစွဲရသည့် ရေများအနက် လူတို့သောက်သုံးသည့် ရေ၊ ထမင်းဟင်းချက်ပြုတ်သည့် ရေ၊ အဝတ်လျှော်သည့်ရေနှင့် ချိုးရေများသည် သန့်ရှင်းသည့်ရေ၊ တစ်နည်းအားဖြင့် ဘေးကင်းသည့်ရေ (Safe Water) ဖြစ်ဖို့ လိုအပ်ပါသည်။ လူဦးရေ သန်းတစ်ထောင်ကျော် (ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံနီးပါး) သည် ဘေးကင်းသော သောက်ရေ (Safe Drinking Water) ကို လုံလောက်စွာမရရှိကြကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သည်လည်း ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာစနစ်/မိလ္လာစနစ် (basic sanitation) မရရှိကြကြောင်း၊ ကမ္ဘာ့ရေပြဿနာ (Water Crisis) သည် သေဆုံးမှုနှင့် ရောဂါဘယဖြစ်ပွားမှုများအတွက် အဓိကကျသည့် နေရာတွင်ရှိကြောင်း၊ သန့်ရှင်းသော သောက်ရေမရရှိမှု၊ ရေလုံလောက်စွာ မရရှိမှုများနှင့် ဆက်နွယ်လျက်ရှိသော ရောဂါများကြောင့် ကမ္ဘာပေါ်တွင် နေ့စဉ်လူပေါင်း ၁၄၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိကြပြီး ၎င်းတို့အနက် ၁၁၀၀၀ ခန့်သည် အသက် ငါးနှစ်အောက် ကလေးငယ်များဖြစ်ကြကြောင်း၊ သောက်သုံးရေ မသန့်ရှင်းမှုကြောင့်ဖြစ်တတ်သော ဝမ်းရောဂါသည် ကလေးငယ်များ သေဆုံးမှုတွင် အဓိကကျသည့် ပြဿနာဖြစ်ပြီး တစ်နှစ်လျှင် အသက် ငါးနှစ်အောက် ကလေးငယ်ပေါင်း ၁ ဒသမ ၅ ဘီလီယံခန့် ဤရောဂါဖြစ်ပွားပြီး ၎င်းတို့အနက် လေးသန်းခန့်သည် အသက်ဆုံးရှုံးကြရကြောင်း၊ ကမ္ဘာပေါ်ရှိ ရေရှားပါးသည့် ဒေသများမှ မိန်းမကြီးများနှင့် မိန်းကလေးများသည် သောက်သုံးရေခပ်ယူရန်အတွက် ဝေးလံသည့်နေရာများသို့ သွားရောက်ကြရသဖြင့် ၎င်းတို့သည် တစ်ရက်လျှင် စုစုပေါင်းနာရီသန်း ၂၀၀ ခန့် အချိန်ကုန်ဆုံးနေကြရကြောင်း၊ မကြာခဏဆိုသလိုပင် ညစ်ညမ်းသည့်ရေများကိုလည်း ခပ်ယူကြရကြောင်း၊ ကျောင်းနေရွယ် မိန်းကလေးအချို့ ကျောင်းထွက်ရခြင်းသည်လည်း ရေခပ်ရန်အတွက် ဖြစ်ကြောင်း၊ ၎င်းတို့နေထိုင်ရာ အရပ်၌သာအချိန်များစွာမကုန်ဘဲ ရေခပ်ယူနိုင်မည်ဆိုပါက ကျောင်းတက်ရန်အတွက်လည်းကောင်း၊ ဝင်ငွေရသောလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်းကောင်း အချိန်ပေးနိုင်ကြမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဆင်းရဲသားများ အဓိကရင်ဆိုင်နေရသည့် တစ်ခုတည်းသော အကြီးမားဆုံးပြဿနာသည် ရေရှားပါးမှုပြဿနာပင်ဖြစ်ကြောင်း၊ ဤပြဿနာကြီးသည် ၎င်းတို့အား လူမှုစီးပွားရေးလှေကား (socioeconomic ladder) ၏ ပထမ လှေကားထစ်ကို တက်လှမ်းနိုင်ရန် တားဆီးထားကြောင်း "Water Partners International" - **"အပြည်ပြည်ဆိုင်ရာရေအပေါင်းအသင်းများအဖွဲ့"** မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Gray White က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် စိတ်ဝင်စားဖွယ်မှတ်သားဖွယ်ဖြေကြားခဲ့ပါသည်။ အဆိုပါအဖွဲ့သည် အကျိုးအမြတ်မရှာသော အဖွဲ့အစည်း (Non-profit Organization)တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်ရေဖြည့်ဆည်းပေးနိုင်ရေးအတွက် အဓိက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဖော်ပြပါအဖွဲ့ကဲ့သို့ပင် ရေအရေးကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းအချို့မှာ - ကမ္ဘာလုံးဆိုင်ရာရေမိတ်ဖက်အဖွဲ့ (The Global Water Partnership - GWP)၊ အပြည်ပြည်ဆိုင်ရာ ရေရေးရာအသင်း (International Water Association - IWA)၊ ကမ္ဘာ့ရေရေးရာကောင်စီ (World Water Council - WWC)၊ အပြည်ပြည်ဆိုင်ရာ ဇလသိပ္ပံအသင်း (International Association of Hydrological Sciences - IAHS)၊ အပြည်ပြည်ဆိုင်ရာ ဇလဘူမိဗေဒပညာရှင်များအသင်း (International Association of Hydrogeologists - IAH)၊ အပြည်ပြည်ဆိုင်ရာရေအရေး စီမံခန့်ခွဲမှုသိပ္ပံ (International Water Management Institute - IWMI)၊ စတော့ခ်ဟုမ်း အပြည်ပြည်ဆိုင်ရာ ရေအရေးသိပ္ပံ (Stockholm International Water Institute - SWI) စသည်တို့ ဖြစ်ကြပါသည်။

ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့တွင် သီးသန့်အစီအစဉ် (၄)ခုရှိရာ ယင်းတို့မှာ - ကမ္ဘာ့ရေအကဲဖြတ်ရေး အစီအစဉ် (World Water Assessment Programme - WWAP)၊ ကုလသမဂ္ဂရေအရေးဆိုင်ရာ တရားရေးနှင့် ဆက်သွယ်ရေး ဆယ်စုနှစ်အစီအစဉ် (UN-Water Decade Program on Advocacy and Communication - UNW-DPAC)၊ ကုလသမဂ္ဂရေအရေးဆိုင်ရာစွမ်းဆောင်မှုဖွံ့ဖြိုးရေးဆယ်စုနှစ်အစီအစဉ် (UN-Water Decade Program on Capacity Development (UNW-DPC) နှင့် WHO/UNICEF တို့နှင့်တွဲဖက်သည့် ရေထောက်ပံ့ရေးနှင့် ရေဆိုးစနစ် ပူးပေါင်းစောင့်ကြည့်လေ့လာရေး အစီအစဉ် (Joint Monitoring Program on Water Supply and Sanitation) တို့ဖြစ်ကြပါသည်။ ထို့ပြင် ကုလသမဂ္ဂ ရေအရေးဆိုင်ရာအဖွဲ့သည် ရေနှင့်ဆက်နွယ်သည့် UN အဖွဲ့အစည်း (၂၆)ခုနှင့် တွဲဖက်ဆောင်ရွက်လျက်ရှိသည်သာမက ရေအရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (၁၇)ခုနှင့်လည်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ကုလသမဂ္ဂအဖွဲ့ကြီးသာမက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကပါ ရေအရေးနှင့်ပတ်သက်၍ ဤမျှအထိ အရေးတယူအလေးထားဆောင်ရွက်လျက်ရှိကြခြင်း၏ အကြောင်းရင်းများကို အောက်တွင်ဖော်ပြထားပါသည်။

လူသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ရေကို သဘာဝတရားက လုံလောက်စွာပေးအပ်ထားသော်လည်း လူတို့၏ စည်းကမ်းမရှိမှုများကြောင့်လည်းကောင်း၊ မဆင်မခြင်လုပ်ဆောင်မှုများကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ကမ္ဘာပေါ်ရှိ ရေချို (ရေ) အရင်းအမြစ်များ လျော့နည်းလျက်ရှိပါသည်။ ဤအတိုင်းသာ ဆက်လက်၍ သွားမည်ဆိုပါက ၂၀၂၅ ခုနှစ်သို့ ရောက်ရှိသည့်အခါ ကမ္ဘာ့လူဦးရေ ၁ ဒသမ ၈ ဘီလီယံသည် ရေရှားပါးမှုများနှင့် ကြုံတွေ့ကြရမည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် ရေမလုံလောက်မှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂမှ ခန့်မှန်းထားပါသည်။ ကမ္ဘာပေါ်ရှိ ရေချိုအရင်းအမြစ်များ တစ်စထက်တစ်စ လျော့နည်းလာရသည့် အကြောင်းရင်းများမှာ -

(၁) ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာခြင်းကြောင့် ရေသုံးစွဲမှုပမာဏ ပိုမိုများပြားလာခြင်း
(၂) ကမ္ဘာ့နိုင်ငံအများအပြား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့် ရေသုံးစွဲမှုနှုန်း မြင့်မားလာခြင်း
(၃) နိုင်ငံကြီးသား မပီသသော လူအချို့ကြောင့် ရေဖြုန်းတီးမှုများရှိနေခြင်း
(၄) ရေကိုပေါပေါများများ ရရှိသည့်ဒေသမှ လူအချို့က ရေကိုလိုသည်ထက် ပို၍အလျှံပယ် သုံးစွဲနေခြင်း
(၅) မြို့ပြများ၌ ရေပေးဝေရာတွင် ကြီးကြပ်သူအချို့၏စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့် ရေပြုန်းတီးမှုများရှိနေခြင်း
(၆) မြို့ပြများတွင် မြေအောက်ရေများကို အလွန်အကျွံထုတ်ယူမှု (ဥပမာ - အဝီစိတွင်း တူးခြင်း) များကြောင့် မြေအောက်ရေများ အရည်အသွေးပျက်ယွင်းခြင်း၊ ပင်လယ်နှင့် နီးသောဒေသများတွင် ရေအောင်းလွှာများအတွင်းသို့ ရေငန်များ စီးဆင်းဝင်ရောက်လာခြင်း
(၇) ကောက်ပဲသီးနှံများ စိုက်ပျိုးရာတွင် ရေကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်း
(၈) စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ရေနှင့် စွန့်ပစ်ပစ္စည်းများကို မဆင်မခြင် စွန့်ပစ်မှုများကြောင့် ရေကောင်းရေသန့်များသုံး၍မရသည့် ညစ်ညမ်းရေများ ဖြစ်သွားခြင်း
(၉) စိုက်ပျိုးမြေများ၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ထိန်းထိန်းသိမ်းသိမ်း မသုံးစွဲမှုများကြောင့် မြစ်ချောင်း အင်းအိုင်များမှ ရေများ ညစ်ညမ်းရေ ဖြစ်သွားခြင်း
(၁၀) ရာသီဥတုဖောက်ပြန်မှုကြောင့် ဒေသအများအပြားတွင် မိုးခေါင်သဖြင့် မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ကန်များနှင့် ရေတိမ်ဒေသများသို့ ရေဝင်ရောက်မှုနည်းခြင်း၊ မြေပြင်မှ စိမ့်ဝင်သည့်ရေ နည်းလာသည့်အလျောက် မြေအောက်ရေအောင်းလွှာ (Acquifer) များသို့ ရေဝင်ရောက်မှုနည်းခြင်း
(၁၁) ကမ္ဘာ့အပူချိန် မြင့်တက်မှုကြောင့် မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ကန်များနှင့် ရေတိမ်ဒေသများမှ ရေများ၊ မြေပြင်ပေါ်ရှိရေများ ရေငွေ့ပြန်မှုများသဖြင့် မြေပေါ်ရေ (Surface Water) ပမာဏ လျော့နည်းလာခြင်း
(၁၂) ကမ္ဘာ့အပူချိန် မြင့်တက်မှုကြောင့် ရေခဲမြစ်များ၊ ရေခဲတောင်များ၊ ရေခဲပြင်များ အရည်ပျော်နှုန်း မြန်လာသဖြင့် လက်ကျန်ရေခဲ (ရေအရင်းအမြစ်) ပမာဏ လျော့နည်းလာသည်နှင့်အမျှ မြစ်ချောင်းအင်းအိုင်များအတွင်းသို့ ပုံမှန်ဖြည့်ဆည်းပေးလျက်ရှိသည့် ရေပမာဏ လျော့နည်းလာခြင်း တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများအနက် အမှတ်စဉ် (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၉)တို့မှ လုပ်ဆောင်မှုများကို စာရေးသူတို့ကိုယ်တိုင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းများဖြင့်သော်လည်းကောင်း အခက်အခဲမရှိ ပြုပြင်ဖြေရှင်းနိုင်ပါသည်။ ခက်ခဲသည့်လုပ်ငန်းများ မဟုတ်ပါ။ ကိုယ်ကျိုးမဖက်ဘဲ စိတ်ရင်းစေတနာကောင်းရှိဖို့သာ ပဓာနကျပါသည်။ ပထမဦးဆုံး မိမိကိုယ်တိုင် နိုင်ငံကြီးသားတစ်ဦးကဲ့သို့ နေထိုင်ကျင့်ကြံ ပြုမူရန်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် မိမိ၏မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ တတိယအဆင့်အနေဖြင့် မိမိ၏ရပ်ကွက်ကျေးရွာများသို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းရန်ဖြစ်ပါသည်။ ဆရာ ဆရာမများကလည်း မိမိတို့၏ တပည့်များအား နိုင်ငံကြီးသားပီသစွာ နေထိုင်ကျင့်ကြံ ပြုမူကြစေရန်နှင့် ရေ၏တန်ဖိုးကို သိရှိအလေးထားကြစေရန်၊ သင်ကြားပြသပေးရန် ဖြစ်ပါသည်။ စတုတ္ထအဆင့်အနေဖြင့် မိမိနှင့်စိတ်တူသဘောတူသူများ စုပေါင်း၍ အထက်တွင်ဖော်ပြခဲ့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့ ရေအရေးဆိုင်ရာများကို ဆောင်ရွက်မည့် အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းကြရန်ဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင် ၁၉၀၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော သက်တမ်းအရှည်ကြာဆုံး အသင်းများထဲတွင် တစ်သင်းအပါအဝင်ဖြစ်သည့် **"ဝေနေယျသုခ ရေချမ်းစင်အသင်း"** နှင့် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က ဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ စတင်ဆောင်ရွက်တော်မူခဲ့သော စစ်ကိုင်းတောင်ရိုး **"သီတဂူရေအလှူတော်"** များ၏ အောင်မြင်ကျော်ကြားသည့် စံနမူနာပြု ဆောင်ရွက်မှုများ ရှိပြီးဖြစ်ပါသည်။

ထို့ပြင် တစ်ဖက်မှာလည်း ရေ၏တန်ဖိုးကို သိရှိပြီး ရေကိုအလေးထားသူများ များပြားလာစေရေးအတွက် အခြားနိုင်ငံများနည်းတူ **"ကမ္ဘာ့ရေနေ့"** ကဲ့သို့သော ရေအရေးလှုပ်ရှားမှုများကိုပါ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ရမည်းသင်း ဖေဖော်ဝါရီ ၄

လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး ဟောပြော

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့(မြို့မ)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်း(ဓမ္မာရုံ)၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ (မြို့မ) အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (စီမံ၊ လေ့ကျင့်) ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင် (စာရေးဆရာ-ထက်ခေါင်)က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က လက်ခံယူသည်။

ထို့နောက် ရဲမှူးကြီးဝင်းခေါင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးများကို (ပရိုဂျက်တာ)ဖြင့် မူခင်းအလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမှုများကို အကျယ်တဝင့် ရှင်းလင်းပြသဟောပြောခဲ့ကြောင်း သိရှိရသည်။

(ယာပုံ) (ဝ၁၁)

ရောင်းရန်ရှိသည် (Good Second Hand)
၁။ ရေသန့်ရေခဲစက် (Thailand-20 Ton/day)
၂။ အသင့်စားခေါက်ဆွဲစက် (Taiwan-250 Bag/day)
၃။ ကြာဇံစက် (Taiwan-150 Bag/day)
၄။ ရိုးရိုးခေါက်ဆွဲစက် (Local-120 Bag/day)
၅။ စတီးမွှေစက်ကြီး (China-1200 kg/batch)
Robbin Mixer
၆။ ဝက္ကာရုံနှိပ်စက် (Japan-1992 Model)
KOMORI LITHRONE-40 OFFSET
၇။ အကြိုင်လာ
၈။ အအေးခန်းသုံး Methyl Ethylene Glycol (M.E,G)
၉။ အမိုးနီးယားဆိုးနွဲ့များ
သင့်တင့်သောဈေးများဖြင့် အမြန်ရောင်းမည်။
ဆက်သွယ်ရန် - ၀၉ ၈၆ ၂၀၅၉၉၃

 လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘာ့ဘဏ်မှကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ဘဏ်၏ International Finance Corporation (IFC)မှ Executive Vice-President နှင့် CEO Mr. Jin-Yong Cai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်သောင်း၊ ဦးမောင်မောင်သိမ်း၊ ဦးသူရိန်ဇော်နှင့် ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံ၏ Country Manager Mr. Kanthan Shankar လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘာ့ဘဏ်၏ International Finance Corporation (IFC)မှ Executive Vice-President နှင့် CEO Mr. Jin-Yong Cai အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✻ ပြည်သူ့လွှတ်တော်မှ

ပြန်လည်တည်ဆောက်ရေး၊ ဘေးသင့်ပြည်သူများအား ကောင်းမွန်သည့်လူနေမှုဘဝရရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့်သဘာဝပတ်ဝန်းကျင်အား ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းပြီး တစ်မျိုးသားလုံး နိုးကြားစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ၎င်းဥပဒေကြမ်းကို ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းကို ဒီကနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုခဲ့ပါတယ်၊ ဒီလိုအတည်ပြုနိုင်ဖို့အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရယ်၊ ဥပဒေကြမ်းအပေါ်မှာ ပါဝင်ဆွေးနွေးလိုကြတဲ့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရယ် ဆွေးနွေးခဲ့ပါတယ်၊ ဒီဆွေးနွေးချက်တွေကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ ကော်မတီရုံးမှာ ညှိနှိုင်းခဲ့တာတွေရှိပါတယ်၊ အဲဒီလိုအကြိမ်ကြိမ်ညှိနှိုင်းပြီးတော့ ပြင်ဆင်အဆိုပြုချက်တွေ တင်သွင်းလိုက်တဲ့အပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောဆန္ဒတွေပေးပြီးတော့ အဲဒီသဘောဆန္ဒတွေနဲ့အညီ ပြည်သူတွေရဲ့အကျိုးကို အထောက်အပံ့ပြုနိုင်မယ့်ဥပဒေကြမ်းတစ်ခုကို အတည်ပြုပေးလိုက်နိုင်တယ်လို့ သဘောရပါတယ်"ဟု ကျောက်ဖြူမဲဆန္ဒနယ်မှ **ဦးဘရှိန်** က ၎င်း၏အမြင်ကိုပြောပြခဲ့သည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က **အခွန်ပေးဆောင်မှုလျော့နည်းသည့် သတ္တုလုပ်ကွက်များအဖြစ် ရောင်လွှဲလျှောက်ထားကာ ရွှေ သို့မဟုတ် တန်ဖိုးကြီးမားသည့် အခြားသတ္တုတစ်မျိုးမျိုးကိုသာရှာဖွေခြင်း၊ တူးဖော်ခြင်းမျိုး ရှိနိုင်/မရှိနိုင်၊ ထိုကဲ့သို့မဖြစ်ပေါ်စေနိုင်ရေးအတွက် မည်ကဲ့သို့သော အစီအမံများ၊ စစ်ဆေးမှုများ၊ ညွှန်ကြားချက်များ ထားရှိသည်ကို သိရှိလိုကြောင်းနှင့် ယခင်ကကဲ့သို့ လက်လုပ်လက်စား ရွှေတူးဖော်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း** မေးမြန်းခဲ့ရာ ဓာတ်သတ္တုစမ်းသပ်တိုင်းတာမှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဓာတ်သတ္တုပါဝင်မှုကို သတ်မှတ်ချက်နှင့်အညီ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်၍ စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် ထုတ်လုပ်ခွင့်လျှောက်ထားရာတွင်လည်း စမ်းသပ်တိုင်းတာမှုအစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာတို့အရ ဓာတ်သတ္တုပါဝင်မှုနှင့် ဖြစ်ထွန်းမှုကို လေ့လာစိစစ်ပြီးမှ ခွင့်ပြုမိန့်ထုတ်ပေးပါကြောင်းဖြင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုမိန့်ပါ သတ္တုထုတ်လုပ်ခြင်းမှအပ အခြားသတ္တုများ ထုတ်လုပ်ခြင်းမရှိစေရန် သက်ဆိုင်ရာလုပ်ငန်းဌာနများမှ လေးလတစ်ကြိမ် ပူးတွဲစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများ ကျင်းပပြီး ကုမ္ပဏီများသို့ ညွှန်ကြားကြပ်မတ်ဆောင်ရွက်ခြင်း၊ လုပ်ကွက်အနီးကပ်ကြီးကြပ်ကွပ်ကဲသူများအား စစ်ဆေးရေးအစီရင်ခံစာတင်ပြစေခြင်းများကိုဆောင်ရွက်ပါကြောင်း၊ သတ္တုတွင်းနည်းဥပဒေ ၇၄(က)အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်အား လွှဲပြောင်းခွင့်ရှိပါကြောင်း။

ရွှေသတ္တုအပါအဝင် ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၀ အရ ထုတ်ပေးနိုင်ပါကြောင်း၊ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ခြင်းဆိုသည်မှာ သာမန်လက်သုံးကိရိယာများကို အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကိုဆိုလိုသည်ဟု မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ၂(ဠ) တွင် ပြဋ္ဌာန်းထားပြီး ခွင့်ပြုမိန့်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ထုတ်ပေးရမည်ဟု မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဥပဒေဘောင်အတွင်းမှ ရွှေထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရန်နှင့် တိုင်းရင်းသားများ အလုပ်အကိုင်ရရှိပြီး စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် အလို့ငှာ လက်လုပ်လက်စား ရွှေထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခဲ့သော်လည်း မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သာမန်လက်သုံးကိရိယာများကို အသုံးပြု၍ တူးဖော်ထုတ်လုပ်ခြင်းမျိုး မဟုတ်ဘဲ အသေးစား/အကြီးစားများကဲ့သို့ စက်ကိရိယာများ အသုံးပြုဆောင်ရွက်လာပြီး နိုင်ငံတော်အတွက် ရွှေရရှိခြင်းမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်လာသဖြင့် အပ်နှင်းထားသော လက်လုပ်လက်စားခွင့်ပြုမိန့်ထုတ်ပေးခွင့်အာဏာကို ရုပ်သိမ်းခဲ့ပါကြောင်း။

အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအနေဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရွှေသတ္တုလက်လုပ်လက်စား လုပ်ကွက်တစ်ကွက်လျှင် (သုညဒသမ ၅)ဧက၊ ခွင့်ပြုကာလ တစ်နှစ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် (၅၄၃)ကွက်၊ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် (၅၂)ကွက်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် (၄၂)ကွက်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် (၁၁၈)ကွက်နှင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် (၁၇၈၄)ကွက် စုစုပေါင်း(၂၅၃၉)ကွက်ကို လုပ်ကိုင်ခွင့်ပြုမိန့်များချထားပေးခဲ့ပါကြောင်း။

ရွှေသတ္တုတူးဖော်ရာတွင် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွှေသတ္တု တူးဖော်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး၊ မြစ်ချောင်းများ၊ မြေများထိခိုက်ပျက်စီးမှုမရှိစေရေး၊ ရွှေထွက်နှုန်းကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး၊ ရွှေထုတ်လုပ်ရာတွင် ပြဒါးသုံးစွဲမှုကြောင့် အန္တရာယ်ဖြစ်စေနိုင်မှုကို ထိန်းချုပ်ရေး၊ ခွင့်ပြုချက်မရှိသော စက်ယန္တရားများ အသုံးပြုမှုထိန်းချုပ်ရေး၊ ကြီးကြပ်ကွပ်ကဲမှုနှင့် အလုပ်သမားပြဿနာရပ်များ ထိန်းချုပ်နိုင်ရေးအတွက် ရွှေသတ္တုလက်လုပ်လက်စားတူးဖော်ခွင့်အား ခွင့်မပြုတော့ကြောင်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆုံးဖြတ်ခဲ့ပြီးသည့်အတွက် ယခုအချိန်တွင် လက်လုပ်လက်စား ရွှေသတ္တုတူးဖော်လုပ်ကိုင်ခွင့်အား ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းဖြေကြားချက်နှင့်ပတ်သက်၍ မေးခွန်းရှင် **ဦးစိုးပိုင်**က "ပြည်ထောင်စုဝန်ကြီးရဲ့အဖြေက ကောင်းပါတယ်၊ ကျွန်တော်ကလည်း ဒီအနေအထားကို ပြည်သူတွေလည်း ပြည့်ပြည့်ဝဝ သိသွားစေချင်တဲ့အတွက် မေးမြန်းရတာဖြစ်ပါတယ်၊ ကျွန်တော်မေးတဲ့မေးခွန်းကိုက ရွှေလုပ်ကွက်တွေက ဧကတွေအများကြီး လျှောက်ထားတယ်၊ သောင်းချီပြီး လျှောက်ထားတယ်၊ တစ်ဧကကို တစ်နှစ်ရွှေနှစ်ကျပ်သားနှုန်းနဲ့တွက်ရင် လုပ်ကွက်အသေးဆုံး ဧက (၂၀)အတွက် တစ်နှစ်ကို (၂၄) ကျပ်သားသွင်းရတယ်၊ ဧကသောင်းချီပြီး တွက်မယ်ဆိုရင် ပိဿာပေါင်းရာချီသွင်းရမယ့်အနေအထားရှိတယ်၊ ဒါကို ဒီနေ့ သဘာဝကျမှုမရှိဘူးထင်လို့မေးမြန်းတာပါ၊ ပြည်ထောင်စုဝန်ကြီးရဲ့အဖြေကို ကျေနပ်ပါတယ်" ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

✻ အမျိုးသားလွှတ်တော်မှ

ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာဝင်ထွက်သွားလာခွင့် (Free Flow of Skill Labour)ကို မျှော်မှန်းပြီး မိမိတို့အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် မိမိတို့အလုပ်သမားများ၏ ကျွမ်းကျင်မှုအရည်အသွေး တိုးတက်အောင်(Skill Development)ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပမှနိုင်ငံခြားသား အလုပ်သမားများကိုလည်း စနစ်တကျ လာရောက်မှုကို စနစ်တကျ လက်ခံနိုင်ရန်အတွက် Alien Worker Law ကို ရေးဆွဲလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ) က **ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့်မရသဖြင့် နစ်နာမှုများရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းအဆိုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုများနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှဆွေက ၎င်း၏အမြင်ကို ပြောပြရာတွင် "ဦးအောင်ငြိမ်း တင်ပြချက်မှာ ဝန်ထမ်းတွေအပြစ်လုပ်တယ်လို့ သံသယရှိရင် PE/DE ဖွဲ့စစ်ပြီးမှ အရေးယူဖို့၊ လက်လွတ်စပယ် မလုပ်ဖို့ အစိုးရကို တိုက်တွန်းထားတယ်။ အစိုးရအဖွဲ့ကလည်း PE/DE ဖွဲ့ပြီးမှ စစ်ဆေးအရေးယူမှုတွေ အကောင်အထည်ဖော်ပေးတယ်။ ဒီတော့ လွှတ်တော်နဲ့အစိုးရ အပြန်အလှန် ထိန်းကျောင်းခြင်းဆိုတဲ့အချက်ဟာ ဒီနေရာမှာ ပေါ်လွင်ထင်ရှားသွားတယ်၊ ပိုအသက်ဝင်လာတယ်ပေါ့။ ကောင်းတဲ့အလားအလာလို့ မြင်ပါတယ်"ဟု ပြောပြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က "ဒီမိုကရေစီနိုင်ငံ ထူထောင်ရာမှာ အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေနဲ့ ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရန်၊ ဥပဒေချိုးဖောက်သူများကို ထိရောက်စွာ အရေးယူရန်၊ ဝန်ထမ်းများကို အရေးယူအပြစ်ပေးရာတွင် ဥပဒေနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ ထုချေဖြေရှင်းခွင့်မရရှိစေဘဲ ထုတ်ပယ်ခြင်းမပြုရန်တို့က အလွန်အရေးကြီးတဲ့ အခြေခံအချက်များ ဖြစ်ပါတယ်။

ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီက ကြိုးစားဆောင်ရွက်နေသလို ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း စတင်ကြိုးစားဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ပိုပြီးကြိုးစားရဦးမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောင်းလဲတိုးတက်ရမှာဖြစ်လို့ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အဆင့်ဆင့်သောတရားစီရင်ရေး၊လွှတ်တော်အသီးသီး၊ NGO၊ INGO များ၊ ပြည်သူလူထုတစ်ရပ်လုံး အားလုံးတာဝန်ကိုယ်စီရှိပြီး အချင်းချင်း (Check and Belance) စောင့်ကြည့်ထိန်းညှိကူညီစောင့်ရှောက်တည့်မတ်လက်တွဲသွားခြင်းဟာ ဒီမိုကရေစီကူးပြောင်းရေး အခြေခံအုတ်မြစ်ဖြစ်ပါတယ်"ဟု ပြောပြသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်က **လူငယ်ဗဟိုပြု အခြေခံပညာအထက်တန်းကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ်များ လေ့ကျင့်ပျိုးထောင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က ဆွေးနွေးကြပြီး အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးကြူက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ယဉ်ကျေးမှုပြတိုက်များ အဆင့်မြှင့်တင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ညောင်ရွှေဗုဒ္ဓပြတိုက် အဆောက်အအုံသည် သက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော ညောင်ရွှေဟော်နန်းဖြစ်ပြီး ဟော်နန်းပုံစံသည် မင်းတုန်းမင်းက ချီးမြှင့်သော ဘုံပြာသာဒ်ခုနစ်ဆင့်နှင့် အဆောင်ရှစ်ဆောင်ပါရှိသော နှစ်ထပ်ဖြစ်သည်။

၎င်းဟော်နန်းညီလာခံဆောင်၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရန် အကြိုဆွေးနွေးညှိနှိုင်းခဲ့သည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံကြီး ဖြစ်သည်။ အဆိုပါဟော်နန်းကို ၁၉၆၄ ခုနှစ်တွင် နိုင်ငံတော်မှ လွှဲပြောင်းရယူပြီး နှစ်စဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်ကြီး ယဉ်ကျေးမှုပြတိုက်သည်လည်း ၂၇-၆-၁၉၅၆ ရက်တွင် ရှမ်းပြည်နယ် ဦးစီးအဖွဲ့က ရှမ်းပြည်နယ်ယဉ်ကျေးမှု အဖွဲ့ကိုဖွဲ့စည်းပြီး ၁၉၇၂ ခုနှစ်တွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမနှင့် အိမ်တော်လမ်းထောင့်၌ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ကာ ယဉ်ကျေးမှုပြတိုက်အဖြစ် ဖွင့်လှစ်ပြသခဲ့သည်။

တောင်ကြီး ယဉ်ကျေးမှုပြတိုက်ကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ နှစ်စဉ် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ပြသပစ္စည်း ၁၀၀၃ မျိုးဖြင့် ခင်းကျင်းပြသလျက်ရှိရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၃ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

ကိုယ့်ယဉ်ကျေးမှုကို အစွမ်းကုန် ဖော်ထုတ်ပြသ၊ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာပါဝင်ဆင်နွှဲ

နေပြည်တော် ဖေဖော်ဝါရီ ၄

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမှတ် (၇) တည်းခိုရေးစခန်းရွာတော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန်နီးကပ်စွာ ဆက်ဆံခွင့်ရရှိကြမည်ဖြစ်၍ ကိုယ့်ယဉ်ကျေးမှုကို အစွမ်းကုန် ဖော်ထုတ်ပြသကြရန်နှင့်ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာပါဝင်ဆင်နွှဲကြရန်တို့ကို မှာကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမှတ်(၇) တည်းခိုရေးစခန်းရွာတော်၌ ဆပ်ကော်မတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက်ဖွင့်လှစ်ပေးထားမှု၊ ဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ စတိုးဆိုင်နှင့် စာအုပ်ဆိုင်များ ဖွင့်လှစ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နိုင်ရေး၊ အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့နာယကများနှင့် ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအမြင်ပိုင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပြီး နိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍများမှာ မြန်မာအမျိုးသမီးများ၏စွမ်းအားကို အပြည့်အဝပေးနိုင်ရန် အခိုင်အမာတည်ဆောက်စုစည်းထားရန်လိုကြောင်း။

မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍနှင့် ပတ်သက်ပြီး မြန်မာအမျိုးသမီးများအနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေသည်ကို အထူးဂရုပြုရန် လိုအပ်ပါကြောင်း။ ယခုအခါ တိုင်းတစ်ပါးယဉ်းကျေးမှုများသည် အရှိန်အဟုန်ဖြင့် ထိုးဖောက် ဝင်ရောက်လျက်ရှိသည့်အတွက် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရေး၊ လူမှုအကျင့်သိက္ခာ ပျက်ပြားမှုမရှိစေရေးနှင့် အမျိုးအနွယ် စောင့်ထိန်းရေး၊ မိမိ၏ ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရေးတို့ကို အထူးဂရုပြု ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာအမျိုးသမီးများအနေဖြင့် မိမိတိုင်းပြည် မိမိလူမျိုး မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကို မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် အထူးလိုအပ်ကြောင်းကို မှာကြားလိုကြောင်း။

အဖွဲ့ချုပ်အနေဖြင့် ပညာရေးကဏ္ဍအနေဖြင့် ဆင်းရဲနွမ်းပါးပြီး ကျောင်းမနေနိုင်သည့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပေးခဲ့ပါကြောင်း၊ ပညာရည်ထက်မြက်ထူးချွန်သော်လည်း စီးပွားရေးချို့တဲ့မှုကြောင့် အဆင့်မြင့်ပညာမသင်ယူနိုင်သည့် မိန်းကလေးများကို တက်ရောက်ခွင့်ရသည့် ဘာသာရပ်အလိုက် ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ယူနိုင်အောင် ပညာသင်ထောက်ပံ့ရေး ရန်ပုံငွေထူထောင်ထောက်ပံ့လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းအင်္ဂါရပ်နှင့်ကိုက်ညီစေရန် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများ လှူဒါန်းခြင်းနှင့် ကျောင်းသားကျောင်းသူများ ကျန်းမာရေးလိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန် ရေအိမ်များ ဆောက်လုပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်နှစ်များမှာလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့များအနေဖြင့်လည်း ကျောင်းများ၏ လိုအပ်ချက်များကို ထောက်ပံ့လှူဒါန်းကြရန် တိုက်တွန်းပါကြောင်း။

ထို့ပြင် အဖွဲ့ချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်အတွင်းမှာ အမျိုးသမီးများနှင့် ကလေးများအား ကာကွယ်စောင့်ရှောက်ရေး ဒေသဖွံ့ဖြိုးရေး၊ အခြေခံပညာရေး၊ တက္ကသိုလ်ပညာသင်ဆု၊ ကျန်းမာရေး၊ ဘာသာရေး၊ ခိုကိုးရာမဲ့ သက်ကြီးရွယ်အို အဘွားများ၊ သဘာဝဘေးအန္တရာယ်သင့်ဒေသနှင့် ပဋိပက္ခဒေသများရှိ ပြည်သူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ငွေကျပ် ၁၂၁၆ သိန်း သုံးစွဲခဲ့ပါကြောင်း။

မြန်မာအမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရည်ရွယ်ချက်တူညီသည့် ပြည်တွင်းအဖွဲ့အစည်းများသာမက ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သို့ဖြစ်၍ ဒေသတွင်းမှာသာမက နိုင်ငံတကာမှာလည်း အဖွဲ့ချုပ်၏ ဆောင်ရွက်မှုကို အသိအမှတ်ပြုသည့်အတွက် ဂုဏ်ယူရမှာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အောင်မြင်စေရန် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အားရကျေနပ်ဖွယ်ရာ တွေ့ရပါကြောင်း။

၂၀၁၂ ခုနှစ်၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်များကို သုံးသပ်ပြီး ယခုနှစ်ပတ်လည်အစည်းအဝေးကြီး၏ ဦးတည်ချက်များနှင့်အညီ ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ လုပ်ငန်းစဉ်များအပေါ် အကြံပြုချက်များ၊ အားသာချက်၊ အားနည်းချက်များ၊ ကြုံတွေ့ရင်ဆိုင်ရသည့်စိန်ခေါ်မှုများကို ညှိနှိုင်းဆွေးနွေး ဖြေရှင်းကြခြင်း၊ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရှေ့ဆက်ပြီး အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ ပြည်သူအကျိုးပြုလုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးများအဖွဲ့အရောင်းပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့များက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက ပြန်လည်သုံးသပ်ရှင်းလင်းသည်။

(သတင်းစဉ်)

အာဆီယံအဖွဲ့အစည်းကြီး တိုးတက်[...] အထောက်အပံ့ပေး ဆောင်ရွက်[...]

နေပြည်တော် ဖေဖော်ဝါရီ ၄

ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံအစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဦးစားပေးကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ လျာထားချက်များ ပြည့်ဝနိုင်စေရန်အတွက် ဆောင်ရွက်ပြီးစီးသည့် အနေအထားများကို စောင့်ကြပ်ကြည့်ရှု မှတ်တမ်းတင်သည့် အကဲဖြတ်မှတ်တမ်း (Scorecard) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ **(အပေါ်ဝဲပုံ)**က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံ အစည်းအဝေးကြီးနှင့် ဆက်စပ်ပတ်သက်သည့် အာဆီယံ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဦးဆောင်သူအဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီသည် ပြည်သူ့ဘဝသာယာမှုနှင့် သဟဇာတဖြစ်စေမှုများ၊ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖူလုံရေး၊ ပြည်သူ့ဘဝတိုးမြှင့်ရေး စသည့် လှုပ်ရှားမှုအစီအစဉ်များကို စောင့်ကြပ်ကြည့်ရှု သုံးသပ်မှတ်တမ်းတင်မှုများကို လုပ်ငန်းတာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်သွားမည်ဟု သိရှိနားလည်ထားကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြမြေပုံပါ ဖော်ပြပါကိစ္စရပ်များအား ဆက်စပ်ပတ်သက်သော ဝန်ကြီးဌာနများနှင့်အတူ အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ကြောင်း၊ အာဆီယံ၏မဏ္ဍိုင်ကြီး သုံးရပ်အနက် လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ မဏ္ဍိုင်တစ်ရပ်သည်လည်း အပါအဝင်ဖြစ်ကာ အခြားသော မဏ္ဍိုင်နှစ်ရပ်နည်းတူ အာဆီယံအဖွဲ့အစည်းကြီး တိုးတက်လာစေရေးကို အထောက်အပံ့ပေး ဆောင်ရွက်သွားကြကြောင်း၊ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြ မြေပုံပါအချက်များကို အလေးအနက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့အစည်းကြီးနှင့် သဟဇာတဖြစ်စေရန် ယခုအကဲဖြတ်မှတ်တမ်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ms. Alicia Dela Rosa Bala က ကြိုဆိုနှုတ်ဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ [...]

း တိုးတက်လာစေရေး ဆောင်ရွက်သွားကြ

ါင်းဆောင်ရွက်
၊ မြန်မာနိုင်ငံ
ရေး-ယဉ်ကျေးမှု
စီ ဦးဆောင်
ဝန်ကြီးဌာနက
က်မည်ဖြစ်ပြီး
းမှူးချုပ်ရုံးနှင့်
ျိုးသားအဆင့်
ို ကျင်းပသွား
ာဆီယံ လူမှု
အသိုက်အဝန်း
ဘဝသာယာမှု
ဖြစ်စေမှုများ၊
ာင်းနှင့် လူမှု
တဝတိုးမြှင့်ရေး
စီအစဉ်များကို
းသပ်မှတ်တမ်း
တာဝန်တစ်ရပ်
က်သွားမည်ဟု
ကြောင်း၊ ယခု
နေဖြင့် အာဆီ
ကျေးမှု အသိုက်
အခြေပြမြေပုံပါ
အား ဆက်စပ်
ကြီးဌာနများနှင့်
ဆင့် ကြိုးပမ်း
ဖြစ်ကြောင်း၊
း သုံးရပ်အနက်
အသိုက်အဝန်း
ရပ်သည်လည်း
အခြားသော
ူ အာဆီယံ
ိုးတက်လာစေ
ပံ့ပိုးပေး ဆောင်
၊ မြန်မာနိုင်ငံ
နိုင်ငံဖြစ်သည်
ယံ လူမှုရေး-
အဝန်းကောင်စီ
အချက်များကို
ကာင်အထည်
ွားမည်ဖြစ်ပြီး
းကြီးနှင့် သဟ
ယခုအကဲဖြတ်
ရှိဆွေးနွေးပွဲကို
ာင်း ပြောကြား
အာဆီယံ
ရုံးမှ ဒုတိယ
ရေးမှူးချုပ် Ms.
sa Bala က
အမှာစကား

က်ရောက်လာ
င်ငံ အာဆီယံ
အသိုက်အဝန်း
ကြီးဌာနများမှ

ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ်အတွင်း တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံအစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဦးစားပေးကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ လျာထားချက်များ ပြည့်ဝနိုင်စေရန်အတွက် ဆောင်ရွက်ပြီးစီးသည့် အနေအထားများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအား ခြုံငုံသုံးသပ်၍ လည်းကောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အညွှန်းကိန်းမှတ်တမ်းဆိုင်ရာ အယူအဆနှင့် အကောင်အထည်ဖော်မှုကို အခြေခံကာ စောင့်ကြပ်အကဲဖြတ်မှုကို လည်းကောင်း၊ အညွှန်းကိန်း မှတ်တမ်းဆိုင်ရာ စောင့်ကြပ်အကဲဖြတ်မှု နောက်ဆုံးအခြေအနေအား ရှင်းလင်းဆွေးနွေး၍လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို လည်းကောင်း၊ လူမှုရေးဆိုင်ရာ တရားမျှတရေးနှင့် အခွင့်အရေးများကို လည်းကောင်း၊ အာဆီယံ သွင်ပြင်လက္ခဏာကို လည်းကောင်း၊ လူမှုဘဝဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲစေရန် ထိန်းသိမ်းခြင်းကိုလည်းကောင်း၊ ကျန်းမာရေးညွှန်းကိန်းဆိုင်ရာများကို လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီခြင်း အညွှန်းကိန်းများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအညွှန်းကိန်းများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ ဦးအေးမြင့်ကြူ၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (ASCC) နှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲ မန္တလေးမြို့ ရတနာပုံဈေး Diamond Plaza ၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် Mandalay Consultant Group (MCG) တို့ပူးပေါင်းပြီး အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်အကိုင်ပေးလိုသူလုပ်ငန်းရှင်များ တိုက်ရိုက်ထိတွေ့ကာ အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ရတနာပုံဈေး Diamond Plaza ပဥ္စမထပ်၌ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်နှင့် MCG မှ Director ဒေါ်နှင်းပွင့်ဖြူတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး MCG မှ Director က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲတွင် နိုင်ငံခြားကုမ္ပဏီနှစ်ခုအပါအဝင် ကုမ္ပဏီပေါင်း ၃၇ ခုတို့က အလုပ်အကိုင်ရှာဖွေသူများထံမှ အလုပ်လျှောက်လွှာလက်ခံခြင်း၊ အင်တာဗျူးပြုလုပ်ခြင်း၊ အရည်အချင်း ကိုက်ညီပါက နေ့ချင်းပြီး အလုပ်ခန့်ထားပေးခြင်းများဆောင်ရွက်ကြပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကလည်း အလုပ်သမားမှတ်ပုံတင်ကတ်မရှိသေးသူများအား တစ်ပါတည်း ဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားတွင် အလုပ်အကိုင်ရှာဖွေသူပေါင်း ၃၀၀၀ ကျော် လာရောက်လေ့လာလျှောက်ထားကြပြီး ၄၀၀ ကျော်တို့အား နေ့ချင်းပြီး အလုပ်ခန့်ထားပေးနိုင်ကာ ကျန်ရှိသူများအား ဆက်လက် စိစစ်ခန့်ထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲကို မန္တလေးမြို့ ရတနာပုံဈေး Diamond Plaza ပဥ္စမထပ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်နှင့် MCG မှ Director ဒေါ်နှင်းပွင့်ဖြူတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒနှင့် ပထမ (၅)နှစ် မဟာဗျူဟာအစီအစဉ်ရေးဆွဲရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် Representative of UNICEF မှ Mr. Bertrand Bainvel နှင့် ECCD International Consultant Ms. Emily Vargas- Baron တို့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒနှင့် ပထမငါးနှစ် မဟာဗျူဟာအစီအစဉ် ၂၀၁၄-၂၀၁၈ ရေးဆွဲရေးအတွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့နယ် အခါဆေးခန်းရွာ၌ မူးယစ်ဆေးဝါးနှင့် လက်နက်/ ခဲယမ်းများ ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၄ ရက် နံနက် ၆ နာရီခန့်တွင် နယ်မြေခံတပ်မတော် စစ်ကြောင်း မူးယစ်အထူးတပ်ဖွဲ့များ၊ တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အခါဆေးခန်းရွာရှိ နေအိမ်တစ်လုံးအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဦးအားဆိုနှင့်အတူ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၊ ဘိန်းဖြူ ၁၅၀ ဂရမ်၊ ဘိန်းမည်း ၂၀၀ ဂရမ်၊ ကဖိန်း ၁၅၀ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၂၇၆၆၁၂၅၀၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၀၁၁၀၀၀၊ ရွှေထည်မျိုးစုံ ၁၄ ကျပ်သားခန့်၊ လက်နက်ငယ်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ ၁၈၀ တောင့်၊ ကျည်အိမ်မျိုးစုံ ခြောက်ခုနှင့်အတူ စနိုက်ပါ မှန်ပြောင်းတစ်ခုတို့အား သိမ်းဆည်းရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၌ လျှပ်စစ်ဓာတ်အား ပိုမိုရရှိတော့မည်

သတင်းဆောင်းပါး – ကိုနိုင်

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သည် ပင်လယ်ဆိပ်ကမ်းအနီးရှိ လှပသော မြို့တစ်မြို့ဖြစ်ပြီး ရပ်ကွက်ပေါင်း (၁၀) ရပ်ကွက်၊ လူဦးရေ ၁၂၃၆၅ ဦး၊ အိမ်ထောင်စု ၄၄၆၇ ရှိသည်။ ကျောက်ဖြူမြို့ကို ၁၉၅၄ ခုနှစ်ခန့်မှစ၍ ၅၅ ကီလိုဝပ် မီးစက်ဖြင့် မီးသုံးသူ ၁၀၄ ဦးအား စတင်ဓာတ်အား ဖြန့်ဖြူးပေးရာမှ ၂၀၁၂ ခုနှစ်တွင် ၂၈၀၉ ဦး ရှိလာပြီး ၁၀၀၀ ကေဗွီအေ မီးစက် တစ်လုံး ၅၀၀ ကေဗွီအေ မီးစက် တစ်လုံးတို့ဖြင့် ဌာနက တစ်ရက် လျှင် ၂ နာရီစာ ဆီဖိုးကျခံပြီး မြို့မီးလင်းရေးကော်မတီအစီအစဉ်ဖြင့် တစ်ရက်လျှင် ၁၇နာရီ ဓာတ်အား ပေးလျက်ရှိသည်။

ကျောက်ဖြူမြို့ မဒေးကျွန်း၌ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အထူးစီးပွားရေးဇုန်များလည်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်လာမည့် စီမံကိန်းကြီးများဖြစ်သည်။ တိုးတက်လာသောလူနေမှုစနစ်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ပိုမိုကောင်းမွန်အောင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ဆန်းမှစ၍ ကျောက်ဖြူမြို့ရှိ ဓာတ်အားမရရှိသေးသောရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရွာများကို ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် Welt Man အမျိုးအစား ၁၀၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ တွဲဖက်အသုံးပြုမည့် ၄၀၀/၁၁၀၀၀ ဗို့ ၁၀၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် စက်ပစ္စည်းများကို ထပ်မံတိုးချဲ့ တပ်ဆင်လျက်ရှိပါသည်။ ဓာတ်အားလိုင်းသစ်များ တိုးချဲ့ခြင်းအနေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၉ ဒသမ ၈၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း (၁၄ ဒသမ ၇၇) မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၆ လုံးကိုလည်း စတင်တည်ဆောက်လျက်ရှိသည်။ လက်ရှိသက်တမ်းကာလကြာမြင့်သော ၁၁ ကေဗွီဓာတ်အားလိုင်း ၃ ဒသမ ၁၁ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၁ မိုင်ကိုလည်း အစားထိုးတည်ဆောက်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ် မတ်လဆန်းခန့်တွင် ပြီးစီးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုသည် လိုအပ်ချက်အားလုံး၏ ၂၉ ရာခိုင်နှုန်းခန့်သာရှိသည်။ လျှပ်စစ်ဓာတ်အားကို ပြည်သူများသို့ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းကြီးများ ပင်မဓာတ်အားခွဲရုံကြီးများကို နိုင်ငံတော်၏ ဘဏ္ဍာငွေမှ လည်းကောင်း၊ နိုင်ငံခြားချေးငွေများဖြင့်လည်းကောင်း စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျောက်ဖြူမြို့အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့များသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် နိုင်ငံတော်က စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့ရသည်။ ရခိုင်ပြည်နယ်၏ သဘာဝမြေမျက်နှာသွင်ပြင် အနေအထားအရ တော၊ တောင်၊ လျှို၊ မြောင်၊ မြစ်ချောင်းများပေါများခြင်း၊ မိုးများခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတို့ကြောင့် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရန်အတွက် သုံးနှစ်ခန့် ကွင်းဆင်းတိုင်းတာခြင်း (Survey) လုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။ အဆိုပါစီမံကိန်းများတွင် ၂၃၀ ကေဗွီလိုင်းများအဖြစ် ဥသျှစ်ပင်-တောင်ကုတ် ၆၉ မိုင်၊ တောင်ကုတ်-မအီ-အမ်း မိုင် ၇၀၊ မအီ-ကျောက်ဖြူ ၄၂ မိုင်၊ မအီ-အမ်း မိုင် ၈၀ တည်ဆောက်ခြင်းလုပ်ငန်းများ၊ တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်းတို့တွင် ၂၃၀/ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်သည်။ ကျောက်ဖြူမြို့သို့ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားရယူရန်အတွက် ဥသျှစ်ပင်၊ တောင်ကုတ်၊ ကျောက်ဖြူ-၂၃၀ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ တာဝါတိုင် foundation တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောက်ဖြူမြို့သို့ ရောက်ရှိလာသော 1000 KVA ဓာတ်အားပေးစက်အား ကရိန်းဖြင့် ချပေးနေစဉ်။ (သတင်းစဉ်)

ကျောက်ဖြူမြို့အား မဟာဓာတ်အားလိုင်းမှ ဓာတ်အားပေးနိုင်ရေးအတွက် ကျောက်ဖြူမြို့၏အနောက်တောင်ဘက် ၅ ဒသမ ၆ မိုင်အကွာ မြေ ၅၄ ဧကပေါ်တွင် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိသည်။ ၎င်းခွဲရုံမှတစ်ဆင့် ကျောက်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းတွင် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၆မိုင် တည်ဆောက်ပြီး ကျောက်ဖြူမြို့တွင်းသို့ ၁၁ ကေဗွီဓာတ်အားလိုင်းများဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းက ရရှိသောဓာတ်ငွေ့ဖြင့် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံကို ၂၃၀/ ၆၆/၁၁ ကေဗွီပင်မ ဓာတ်အားခွဲရုံဝင်းအတွင်းတွင် တည်ဆောက်သွားမည်ဖြစ်သည်။ သဘာဝဓာတ်ငွေ့စက်ရုံ တည်ဆောက်ပြီးပါက စက်ရုံမှထွက်ရှိသော ဓာတ်အားကို ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင် သုံးစွဲမှုသာမက ပိုလျှံသောဓာတ်အားကို ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ ဓာတ်အားစနစ်ဖြင့် ဆက်သွယ်ထားသော မြို့များပါ သုံးစွဲနိုင်မည်ဖြစ်သည်။ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့် သဘာဝဓာတ်ငွေ့ဓာတ်အားပေး စက်ရုံ စီမံကိန်းလုပ်ငန်းများသည် ၂၀၁၄ ခုနှစ်ကုန်ပိုင်းခန့်တွင် ပြီးစီးမည်ဖြစ်သည်။ သို့ဖြစ်၍ ကျောက်ဖြူမြို့သည် ၂၀၁၃ ခုနှစ် မတ်လဆန်းမှစ၍ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပြီးပါက တစ်မြို့လုံး ဓာတ်အားပေးနိုင်ရန် ဆောင်ရွက်ထားသည်။ ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ ဓာတ်အားများရရှိလာပါက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာ အသုံးပြုလာနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ဈေးကွက်နှင့်ပြည်တွင်းသတင်း

ယင်းမာပင်မြို့နယ်မှ သခွားမွှေးများဈေးကောင်းရ

မူဆယ် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ အင်းပါတ်ရွာတွင် မြေငှားစိုက်ပျိုးသူ ဦးဝင်းညွန့်နှင့် ဦးနေလင်းစန်းတို့ စိုက်ခင်းမှ ထွက်ရှိသည့် သခွားမွှေးများကို တရုတ်ပြည်သို့ တင်ပို့ရောင်းချရာ ဝန်ဆောင်ခဖယ်ပြီး အကျိုးအမြတ်များရရှိလျက်ရှိကြောင်း သိရသည်။

စိုက်ခင်းမှထွက်ရှိလာသည့် သခွားမွှေးများကို ဇန်နဝါရီ ၂၇ ရက်တွင် ၁၂ ဘီးကားဖြင့်တင်ပြီး မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ထင်ရှားသစ်သီးပွဲရုံ၌ ရောင်းချခဲ့ရာ အလုံးကြီးတစ်ကီလိုဂရမ်လျှင် တရုတ်ယွမ် ငွေငါးယွမ်၊ အသေး နှစ်ယွမ်ရရှိခဲ့သည်။ တင်ပို့သည့် သခွားမွှေးစုစုပေါင်း တန်ချိန် ၁၅ ဒသမ ၀၇၃ တန်တွင် ကားခ၊ အလုပ်သမားခ စသည့် ဝန်ဆောင်ခများနုတ်ပြီး ငွေကျပ် ၇၆ သိန်းခွဲကျော်ရရှိခဲ့သဖြင့် စိုက်ပျိုးလုပ်ကိုင်ရကျိုးနပ်ခဲ့ကြောင်း သိရသည်။

လင်း(မူဆယ်)

ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းမှ တရုတ်ပြောင်းများ အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဖေဖော်ဝါရီ ၄

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းပိုင်မြေများ၌ စိုက်ပျိုးထားသော UH 008 တရုတ်ပြောင်းမျိုးများ အောင်မြင်ဖြစ်ထွန်းသဖြင့် အစေ့ခြွေရောင်းချနေပြီ ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါတရုတ်ပြောင်းမျိုးများအား စိုက်သိပ္ပံကျောင်းပိုင် ၁၀ ဧက၌ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းသဖြင့် ယခုအခါ ပျဉ်းမနားမြို့ပေါ် ပြောင်းပွဲရုံများသို့ အစေ့ခြွေလျက် တစ်တင်းလျှင် ငွေကျပ် ၆၂၀၀ နှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ တရုတ်မျိုး အစေ့ထုတ်ပြောင်းဖြစ်သည့် UH 008 ပြောင်းမျိုးသည် ရေတတ်ဒဏ်ခံနိုင်ကာ တစ်ဧကလျှင်တင်း ၁၀၀ အထိ ထွက်ရှိနိုင်ကြောင်းနှင့် စိုက်သက်တမ်း ၁၁၅ ရက်မှ ၁၂၀ အတွင်းသာ စိုက်ပျိုးရပြီး ရာသီမရွေး စိုက်ပျိုးနိုင်သော ပြောင်းမျိုးဖြစ်ကြောင်း၊ ထွက်ရှိလာသော အစေ့ပြောင်းများကိုလည်း တရုတ်ပြည်မှ ဈေးကောင်းပေးဝယ်ယူနေသဖြင့် နေပြည်တော်ဝန်းကျင်ရှိ ပြောင်းစိုက်တောင်သူများ စိတ်ဝင်စားသင့်သော ပြောင်းမျိုးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ UH 008 တရုတ်ပြောင်းမျိုးများစိုက်ပျိုးလိုပါက ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၌ မျိုးစေ့များ ဝယ်ယူရရှိနိုင်ကြောင်းလည်း ကျောင်းအုပ်ကြီးဦးအောင်မြတ်သူထံမှ သိရှိရသည်။

(၁၃၉)

✲ *ကျောဖုံးမှ*

ထားမှုတွေပါ ထည့်သွင်းတွက်ချက်ရင် ၄၀ ရာခိုင်နှုန်းခန့်လို့ ပြောလို့ရမှာပါ။ တချို့လုပ်ငန်းတွေဖြစ်တဲ့ ကွန်ကရစ်သံခြင်းတွေ ပြုလုပ်မှုတွေဆိုရင် ကျွန်တော်တို့ အသင့်အနေအထားရှိနေပါပြီ။

မေး ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတားဒီဇိုင်းကို ဘယ်နိုင်ငံက ရေးဆွဲထားတယ်ဆိုတာ ပြည်ပက ပညာရှင်တွေရဲ့ပါဝင်လုပ်ဆောင်နေမှုကိုလည်း ရှင်းပြစေလိုပါတယ်။

ဖြေ။ ။ အခု တည်ဆောက်နေတဲ့ ရွှေဂုံတိုင်ခုံးကျော်တံတားဒီဇိုင်းကို ဂျပန်နိုင်ငံ JFE ကုမ္ပဏီက ရေးဆွဲထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီလိုဒီဇိုင်းရေးဆွဲနိုင်အောင် အဲဒီကုမ္ပဏီ ပညာရှင်တွေက မြန်မာနိုင်ငံကိုလာရောက်ပြီး မြေပြင်လေ့လာမှုတွေ လာလုပ်ပါတယ်။ ကျွန်တော်တို့ကလည်းမြေပြင်တိုင်းတာမှုနဲ့လိုအပ်တဲ့အချက်အလက်တွေကို ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးပါတယ်။ ဂျပန်ပညာရှင်တွေကလေ့လာစိစစ်ပြီးမှ ပထမစံပြပုံစံရေးဆွဲထုတ်လုပ်ပြီး နောက်ဆုံးမှာအသေးစိတ် ဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။

မေး ။ ။ အခုလို ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်မှာ ဂျပန်ပညာရှင်တွေ ပါဝင်သေးလားဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ။ ပါဝင်ပြီးပူးတွဲလုပ်ဆောင်နေတာပါ။ ဂျပန်နိုင်ငံက ကျွမ်းကျင်သူတွေနဲ့စကားပြန်အပါအဝင် ခြောက်ဦးပါတဲ့အဖွဲ့က ကျွန်တော်တို့နဲ့နေ့စဉ်ပူးတွဲဆောင်ရွက်နေတာ ဖြစ်ပါတယ်။ သူတို့တွေကဘိုးပိုင်လုပ်ငန်းမှာ စနစ်တကျကြီးကြပ်နေသလို ဘိုးပိုင်အလိုက် သံခြင်းတွေပြုလုပ်ထားမှုကိုလည်း ကြီးကြပ်နေပါတယ်။ ဘယ်လိုသံချောင်းအရွယ်အစား၊ ဘယ်လိုချည်၊ ဘယ်လိုပြုလုပ်ရမယ်ဆိုတာကအစ၊ ဘိုးပိုင်တွေ တူးတာဆိုရင် ဘိုးပိုင်စင်တာ၊ ဘိုးပိုင်အနက်စတဲ့ အဆင့်တိုင်းကို အသေးစိတ်စစ်ဆေးပါတယ်။ ကျွန်တော်တို့ဘက်ကလည်း အတွေ့အကြုံရင့်ကျက်တဲ့ မြန်မာအင်ဂျင်နီယာမှူးကြီးတစ်ဦးအပါအဝင် အင်ဂျင်နီယာအဖွဲ့ကလည်း ဝိုင်းဝန်းပူးတွဲ ဆောင်ရွက်နေပါတယ်။

မေး ။ ။ ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းတွေကို နေ့ရောညပါ ဆောင်ရွက်နေပါသလား။

ဖြေ ။ ။ နေ့ပိုင်းကတော့ ယာဉ်အသွားအလာထိခိုက်မှာစိုးလို့ ညပိုင်းတွေမှာပဲ ပြုလုပ်နေပါတယ်။ နေ့ပိုင်းမှာလုပ်ငန်းအတွက် ပြင်ဆင်မှုတွေအသင့်ရှိနေအောင် ပြင်ဆင်ပြီး ညပိုင်းမှာ သတ်မှတ်ထားတဲ့ အလုပ်တွေပြီးစီးအောင် လုပ်ပါတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် ဘိုးပိုင်ရိုက်တဲ့နည်းမဟုတ်ဘဲ ကတ္တရာလမ်းနဲ့မြေကြီးကို လွန်နဲ့ဖောက်ပြီး တူးသည့်နည်းဖြစ်ပါတယ်။ ဂျပန်နည်းပညာအရ မြေကြီးအစိုကိုပဲတူးပြီး လုပ်ကိုင်နေတာပါ။ တစ်ရက်ကို ဘိုးပိုင်တစ်ကျင်း၊ နှစ်ကျင်းခန့်တူးနေတာ ဖြစ်ပါတယ်။

မေး ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတားကို ဘယ်အချိန်ကာလလောက်ပြီးစီးမယ်လို့ ခန့်မှန်းထားပါသလဲ ဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရေးအတွက် မြေပန်းကျက်တင်တာက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ရက် ဖြစ်ပါတယ်။ တည်ဆောက်ရေးကာလကို ၁၁ လ သတ်မှတ်ထားတာမို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိလုပ်ငန်းဆောင်ရွက်မှု အနေအထားအရ သတ်မှတ်ထားတဲ့ကာလမှာ ပြီးစီးမှာပါ။

မေး ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတားရဲ့ အတိုင်းအတာနဲ့ ပါဝင်ဖွဲ့စည်းမှု အနေအထားကိုလည်း ရှင်းပြပေးပါဦး။

ဖြေ ။ ။ တံတားချည်းအရှည်က ၄၈၁ မီတာရှိပြီး ချဉ်းကပ်လမ်းတွေရဲ့အရှည်ပါဆိုရင် ၆၂၇ ဒသမ ၇၅ မီတာ ရှိပါတယ်။ မြောက်ဘက်ချဉ်းကပ်လမ်းက ၅၆ ဒသမ ၀၅ မီတာရှည်ပြီး တောင်ဘက်ချဉ်းကပ်လမ်းအရှည်က ၉၀ ဒသမ ၇ မီတာရှိပါတယ်။ တံတားက လေးလမ်းသွားဖြစ်ပြီး လမ်းအကျယ်က ၁၄ ဒသမ ၂မီတာရှိပါတယ်။ တံတားပေါ်ရဲ့ တစ်ဖက်တစ်ချက်မှာ လူသွားလမ်းမပါပါဘူး။ တံတားရဲ့ ခံနိုင်ရည်ဝန်က တန် ၆၀ ဖြစ်ပြီး မြေပြင်မှကင်းလွတ်အမြင့်က ၁၈ ပေရှိပါတယ်။ ခုံးကျော်တံတားပေါ်မှာ တစ်နာရီကီလိုမီတာ ၅၀ နှုန်း မောင်းနှင်လို့ရနိုင်ပြီးတံတားလက်ရန်းမီးတိုင်တွေလည်း တပ်ဆင်ပေးသွားမှာပါ။

မေး ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်နေချိန်မှာ အခက်အခဲတွေရှိရင်လည်း သိလိုပါတယ်။

ဖြေ ။ ။ အခက်အခဲတော့မရှိပါဘူး။ ကျွန်တော်တို့အခုလို တံတားတည်ဆောက်လို့ နေရာမလွတ်ကင်းတာကြောင့် ဖယ်ရှားပေးရတာမျိုး မရှိပါဘူး။ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အတတ်နိုင်ဆုံး ကြိုးစားတည်ဆောက်နေပါတယ်။ နောက်ပိုင်း နေ့တိုင်း အလုပ်တွေရှိလာရင်လည်း ယန္တရားအသံတွေကြောင့် အနှောင့်အယှက်မဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ အခုလို ခုံးကျော်တံတားတည်ဆောက်ပေးခြင်းဟာ ပြည်သူတွေအတွက် ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျစေမှာမို့ ခရီးသွားလာတဲ့အခါ အခက်အခဲတွေ လျော့ပါးသွားနိုင်မှာဖြစ်ပါတယ်ဟု ဖြေကြားခဲ့သည်။

(မြန်မာ့အလင်း)

လှိုင်မြို့နယ် ကမ်းနားဆိပ်၌ ဆီတင်သင်္ဘောမီးလောင်နစ်မြုပ်

မီးလောင်နေသော ဆီတင်သင်္ဘောအား ငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၃ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက် လှိုင်မြစ်ကမ်းနား၌ မီးလောင်မှုကြီး တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြဝတီထရိတ်ဒင်းဆိပ်ခံဖောတံတား၌ ဆိုက်ကပ်ထားသော လောင်စာဆီတင်တွဲရေယာဉ်များ ဖြစ်ကြသည့် ကက-၀၀၅၊ အောင်သုခရော၊ မြဝတီ ၀၀၃နှင့်သံ-၅၆၆များ ဆိုက်ကပ်ထားစဉ် ညနေ ၅ နာရီ ၅ မိနစ်တွင် လောင်စာဆီထုတ်ယူရာမှ ကက-၀၀၅ လောင်စာဆီတွဲရေယာဉ်မှ စတင်မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးသည် အောင်သုခရော လောင်စာဆီတင်တွဲရေယာဉ်သို့ ဆက်လက်ကူးစက်လောင်ကျွမ်းပြီး စတင်လောင်ကျွမ်းသည့် ကက-၀၀၅ လောင်စာဆီတင်တွဲရေယာဉ်မှာ ရေအောက်နစ်မြုပ်သွားသည်။ အောင်သုခရော လောင်စာဆီတင်တွဲရေယာဉ်မှာ ရေစီးနှင့်မျောပါပြီး ခိုင်ဟိုလီဝင်း ဆိပ်ကမ်း၌တင်ကာ မီးလောင်ပျက်စီးသွားသည်။

ဆီတင်သင်္ဘောများ မီးလောင်စဉ် နစ်မြုပ်သွားသော ဆီတင်သင်္ဘောကို တွေ့ရစဉ်။ (ဓာတ်ပုံ-တင်ဝင်းလေး)

ထိုမီးလောင်မှုကြောင့် တိမ်းရှောင်ထွက်ပြေးလာသော အမျိုးသမီးကြီးတစ်ဦးက "ဝုန်းခနဲဆိုတဲ့ ပေါက်ကွဲသံကြီး အရင်ပေါ်လာပြီး မီးခိုးလုံးတွေလိမ့်တက်လာတယ်။ အဲဒီနောက် မီးတောက်တွေပါ ပါလာတယ်၊ ကြောက်စရာကြီး" ဟုဆိုသည်။ မီးတောက်အင်အား ပိုမိုကြီးလာသည့်အတွက် အတွင်းပိုင်းနေလူများ ဘုရင့်နောင်လမ်းမကြီးပေါ်သို့ ကိုယ်လွတ်ရုန်းပြေးတက်လာကြသည်ကိုလည်း တွေ့မြင်ရသည်။

ဆီထည့်သော ဆီသင်္ဘောနှင့်အတူ အနီးရှိ အခြားဆီတင်သင်္ဘောသုံးစင်းသို့ပါ မီးကူးစက်မှုကြောင့် လောင်ကျွမ်းမှု ပိုမိုပြင်းထန်ခဲ့သည်။

ဆီတင်သင်္ဘောတစ်စင်းနှင့်အတူ အနီးရှိသမ္ဗန်သုံးစင်းပါ နစ်မြုပ်ခဲ့သည်ဟု ကိုယ်တွေ့မျက်မြင်တစ်ဦးက ဆိုသည်။ ဆီတင်သင်္ဘောများမှာ မီးလောင်လျက် မြစ်အတွင်းမျောပါမှုကြောင့် ဖြစ်ပွားသောနေရာနှင့် ဝန်းကျင် မြစ်ရေပြင်ပေါ်၌ ဆီမီးများ မျောပါတောက်လောင်ခဲ့သည်။

ဒဏ်ရာရ လူနာတစ်ဦးအားပွေ့ချီသယ်ဆောင်လာသောလူစုမှ တစ်ဦးက "အခုဒဏ်ရာရတဲ့ ဒီတစ်ဦးကိုတော့ ကျွန်တော်တို့ အမိအရ ကယ်လာနိုင်ခဲ့ပါတယ်။ ကျန်တဲ့သူတွေကိုတော့ မီးအားများတာကြောင့် မကယ်နိုင်တော့ဘူး၊ အသေအပျောက်တော့ရှိနိုင်ပါတယ်"ဟု ပြောကြားသည်။ အခြားသတင်းတစ်ရပ်အရ မီးလောင်ကျွမ်းမှုကြောင့် အမျိုးသားလေးဦးသေဆုံးကာ လေးဦးဒဏ်ရာ ရရှိသွားကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

လှိုင်သာယာမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၃ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိဇေယျာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်အိမ်မှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် လူနေအိမ် ၁၅ လုံးနှင့် ဘော်ဒါဆောင် ခုနစ်ဆောင် မီးလောင်ဆုံးရှုံးမှုဖြစ်ခဲ့သည်။ အိမ်ထောင်စု ၂၂၀ မှ လူဦးရေ ၇၂၅ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်ဟု သိရသည်။ မီးလောင်ရာသို့ မီးသတ်ကားအစီး ၄၀၊ အထောက်အကူပြုယာဉ် ငါးစီးဖြင့်ငြိမ်းသတ်ခဲ့ရာ မီးမှာ ၈ နာရီခွဲတွင် ငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၄ ရက်ညအထိ တာဝန်ရှိမီးသတ်တပ်ဖွဲ့သို့ စုံစမ်းကြည့်ရာ မည်သည့်အတွက်ကြောင့် မီးလောင်ခဲ့သည်ကို စုံစမ်းဆဲဖြစ်ကြောင်း သိရှိရသည်။ (၀၄၂)

မီး ဘေးရှောင် မလောင်ခင်တား

ကျောင်းတော်ကြီးကို စိတ်ဝင်စား

သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)

ယခင်က ဒီစလေမြို့က ရုပ်စုံကျောင်းတော်ကြီးကို နိုင်ငံခြားသား ဧည့်သည်အလာကျဲပါတယ်။ အစိုးရသစ်ပြောင်းလဲလာပြီး အခုနောက်ပိုင်း နိုင်ငံခြားသားဧည့်သည်တွေ ပြတ်တယ်မရှိဘူး။ အတော်စိပ်စိပ်လာကြတယ်။ ကျောင်းတော်ကြီးကို စိတ်လည်းဝင်စားကြတယ်ဟု မြို့ခံတစ်ဦး၏အဆိုအရ သိရသည်။

ယခင်က ခရီးသွားကုမ္ပဏီများ အနေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ စလေမြို့ ရုပ်စုံကျောင်းတော်ကြီးသို့ ဧည့်လမ်းကြောင်းတွင် ထည့်သွင်းမပို့ကြချေ။ နောက်ပိုင်း ယဉ်ကျေးမှုအမွေတစ်ရပ်အဖြစ် ကြည့်ရှုလေ့လာနိုင်ရန် ပို့ဆောင်ပေးမှုကြောင့် နိုင်ငံခြားသားဧည့်သည်များ ပိုမိုဝင်ရောက်လာပြီး အုံ့ဩဖွယ်ရာ မြန်မာမှုရှေးဟောင်းလက်ရာအစုံစုံကို ကမ္ဘာက ပို၍သိလာပြီဖြစ်သည်။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

သိန်းနီ ဖေဖော်ဝါရီ ၄

သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ရည်ရွယ်၍ သင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ သင်တန်းကာလမှာလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများကဌာနနှင့်ပတ်သက်သည့်ဥပဒေ၊ နည်းဥပဒေများ၊ ဌာနလုပ်ငန်းများအကြောင်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစကြိုမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်အပ်တာဝန်ပေးအပ်

ရေစကြို ဖေဖော်ဝါရီ ၄

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူများ ရွေးချယ်တင်မြှောက် ထားသော ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံ/စီးပွားဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်နိုင်က ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် ကျေးရွာတစ်ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ် သ/မ အသင်းများ ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(အိမွန်ဆွေ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြို့နယ်သံဃနာယကအဖွဲ့ အဆင့်ဆင့်ရွေးချယ်ပွဲကျင်းပ

ပေါက် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်မင်္ဂလာကျောင်းသစ် မြရတနာခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က မြို့နယ်သံဃနာယကအဖွဲ့ အဆင့်ဆင့်ရွေးချယ်ပွဲ ကျင်းပရာ ပင့်ဖိတ်ထားသော သံဃာတော် ၄၃ ပါး အနက် ၃၆ ပါးကြွရောက်တော်မူကြသည်။ အဆိုပါရွေးချယ်တင်မြှောက်ပွဲတွင် ကြီးကြပ်အဖွဲ့အဖြစ် ပခုက္ကူမြို့ ဝိဇယာရာမအရှေ့တိုက် ဆရာတော် ဦးနာယကနှင့် မဟာဝိသုတာရာမ၊ အလယ်တိုက် ဆရာတော် ဦးစန္ဒတို့က ဆောင်ရွက်သည်။ ခရိုင်နှင့်မြို့နယ်သာသနာရေးမှူးများ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာ့ နုဂ္ဂဟအသင်း၊ မြို့နယ် ဥပဋ္ဌာကအဖွဲ့နှင့်ဒါယကာ၊ဒါယိကာမများ အပါအဝင် တက်ရောက် သူ ၆၀ ရှိကြောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ကို သုံးနှစ်တစ်ကြိမ်ပြောင်းလဲရွေးချယ်တင်မြှောက်ကြောင်း မြို့နယ်ဥပဋ္ဌာက အဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

ရွေးချယ်တင်မြှောက်ပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဦးတေဇိန္ဒ(ပေါက်ချောင်းအလယ်စု)၊ အကျိုးဆောင်ဆရာတော် ဦးပညိန္ဒ (ရွှေပေါက်ပင်ရပ်၊ ပေါက်ပင်ကျောင်း)နှင့်အဖွဲ့ဝင်သံဃာငါးပါးအပါအဝင် စုစုပေါင်း ဆရာတော်ခုနစ်ပါးကို ရွေးချယ်တင်မြှောက်ကြည်ညိုပြီး ရွေးချယ်ပွဲကို နံနက်၁၁နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်းသိရှိရသည်။ **(ဖြိုးစည်သူ)**

အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်ရေး ခင်ဦး၌ညှိနှိုင်း

ခင်ဦး ဖေဖော်ဝါရီ ၄

ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်ရေး အသိပေးညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး၊ မြို့နယ်ဒုတိယ ဦးစီးမှူး ဦးတင်ထူး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး ဦးအောင်မျိုးငြိမ်းက ပါတီ၏ရည်ရွယ်ချက်၊ ဒို့တာဝန်အရေး(၃)ပါးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်က ပါတီ၏ရည်ရွယ်ချက်၊ ရပ်တည်မှုနှင့် လှုပ်ရှားဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးရေးကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(၀၃၇)**

အားကစားသတင်း

အကြိုတ်အနယ်ယှဉ်ပြိုင်ကြမည့် မြန်မာနှင့် ဖိလစ်ပိုင်တို့ ၏ခြေစမ်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၁၃ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အသင်း ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲမှာ ၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲဖြစ်သည်။ အဆိုပါ AFC Challenge Cup ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အသင်းသည် ဖေဖော်ဝါရီ ၁ရက်မှစ၍စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲမှာ မြန်မာအသင်းအတွက် အရေးကြီးသည့်ပြိုင်ပွဲဟု ဆိုနိုင်ပြီး ၂၀၁၃ ခုနှစ်တွင် ပထမဆုံးယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဖြစ်သောကြောင့် ပွဲဦးမကျိုးရန် လိုအပ်သလို ၂၀၁၂ AFC Challenge Cup ခြေစစ်ပွဲမှ ရလဒ်ဆိုးများကို ပြန်လည်ချေဖျက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် AFC Challenge Cup ခြေစစ်ပွဲတွင် မြန်မာအသင်း ရလဒ်ကောင်းရရှိစေရန်အတွက် ပြိုင်ပွဲအကြိုပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အာဆီယံထိပ်သီးအသင်းနှစ်သင်းကို ခြေစမ်းပွဲကစားရန် ဖိတ်ကြားထားပေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၆ ရက်တွင် ဖိလစ်ပိုင်လက်ရွေးစင်အသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် မလေးရှား ယူ-၂၃ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့၏ ခြေစမ်းပွဲကို သုဝဏ္ဏကွင်း၌ ညနေ ၅ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် တစ်ထောင်၊ ရိုးရိုးတန်းကျပ်ငါးရာသတ်မှတ်ထားသည်။ ဖိလစ်ပိုင်အသင်းသည် ဥရောပနွယ်ဖွားကစားသမားများဖြင့် အာဆီယံဒေသအတွင်းတွင် အဆင့်တစ်ခုရရှိလာသည့် အသင်းဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့်အသင်းလည်းဖြစ်သည်။ ယခုနောက်ပိုင်းတွေ့ဆုံမှုများတွင် ဖိလစ်ပိုင်အသင်းမှာ မြန်မာအသင်းကို အသာရထားပြီး ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် ဂိုးမရှိသရေ၊ ၂၀၁၂ AFC Challenge Cup ခြေစစ်ပွဲတွင် တစ်ဂိုးစီသရေကျကာ နောက်ဆုံးပူပူနွေးနွေးတွေ့ဆုံထားသည့် ၂၀၁၂ ဆူဇူကီးဖလားပြိုင်ပွဲတွင်မူ ဖိလစ်ပိုင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုခြေစမ်းပွဲလာရောက်ကစားမည့် ဖိလစ်ပိုင်အသင်းတွင် ဥရောပနွယ်ဖွားကစားသမားအားလုံးပါဝင်လာခဲ့ပြီး အင်္ဂလန် League Two ကလပ်ဘရစ္စတိုးလ်အသင်းတွင် ကစားနေသူ ဂိုးသမား အီသာရိတ်၊ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဟော့ဖန်ဟင်အသင်းတွင် ကစားနေသူ မားကပ်ရှာရော့ခ်တို့အပါအဝင် ဖိလစ်ပိုင်အသင်း၏ နာမည်ကြီးကစားသမားများဖြစ်သည့် ယန်းဟတ်စ်ဘန်း ညီအစ်ကို၊ ဂူရာဒို၊ ဒီဂျောင်တို့လည်း ပါဝင်လာမည် ဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာ-ဖိလစ်ပိုင်ခြေစမ်းပွဲမှာ ခြေစမ်းပွဲထက် ပိုမိုပြင်းထန်သည့် ပွဲရသကို ပရိသတ်များမြင်တွေ့ခွင့်ရဖွယ်ရှိနေသည်။

မြန်မာအသင်း၏ လက်ရှိတွင် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး နည်းပြချုပ်အဖြစ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဟာဟေဂွန်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က ဆောင်ရွက်လျက်ရှိသည်။ ကစားသမားများအဖြစ် ဂိုးသမား သီဟစည်သူ (ရတနာပုံ)၊ ကျော်ဇင်ဖြိုး (မကွေး) ပြည့်ဖြိုးအောင် (Southern)၊ နောက်တန်း- သိန်းသန်းဝင်း၊ ဉာဏလွင် (ကမ္ဘောဇ)၊ နန္ဒကျော် (မကွေး)၊ ပြည့်ဖြိုးအောင် (မကွေး)၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်၊ သက်နိုင် (ရတနာပုံ)၊ ဇော်ဇော်ဦး (ရောဝတီ)၊ အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ အလယ်တန်း-ရာဇာဝင်းသိန်း၊ အောင်မိုး၊ ရန်အောင်ကျော်၊ စည်သူအောင်(ရန်ကုန်)၊ မောင်မောင်စိုး၊ ထူးထူးအောင်(မကွေး)၊ ညီညီမင်း၊ ဖြိုးကိုကိုသိန်း၊ နန္ဒလင်းကျော်ချစ် (ဧရာဝတီ)၊ ရှေ့တန်း- ကျော်ကိုကို (ရန်ကုန်)၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦး (ကမ္ဘောဇ)၊ ကောင်းစည်သူ (ရတနာပုံ) တို့ပါဝင်ကြသည်။

သတင်း၊ဓာတ်ပုံ-ချမ်းညိမ်းစိုးညီ

မြန်မာ့လက်ရွေးစင် အသင်းသားများအား နည်းပြဖြစ်သူက သင်ကြားပြသနေစဉ်။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူးဖလားအမျိုးသားဖူဆယ်(ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို အထက(၁) အင်းစိန် ကျောင်းဝင်းအတွင်းရှိ ဘောလုံးကစားကွင်း၌ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။ ရှေးဦးစွာ ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အမှာစကားပြောကြားပြီး ဘောလုံးကန်၍ ကွင်းဖွင့်ပေးသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် အောင်ဆန်း FC အသင်းက မြို့နယ်အခွန် ဦးစီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ရွှေညီကိုအသင်းက ဒေသ အရန်မီးသတ်အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။ အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် အထက(၁)အင်းစိန် မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

ဂျရတ်အား အင်္ဂလန်အကောင်းဆုံးဆုချီးမြှင့်

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်သည် ၂၀၁၂ ခုနှစ်အတွက် အင်္ဂလန်အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။ အသက် ၃၂ နှစ်ရှိ အင်္ဂလန်နှင့် လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်အား အက်ဖ်အေဘောလုံးဝက်ဘ်ဆိုက်မှတစ်ဆင့် အကောင်းဆုံး ဘောလုံးသမားအဖြစ် ဆန္ဒမဲပေး ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ဂျရတ်သည် ယင်းဆုကို ဒုတိယအကြိမ်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူတိုက်စစ်မှူး ဝဲလ်ဘက်က ဒုတိယဆုဆွတ်ခူးရရှိသွားခဲ့သည်။

မာလီနှင့်နိုင်ဂျီးရီးယား အကြိုဗိုလ်လုမည်

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိရာ နိုင်ဂျီးရီးယားက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ အကြိုဗိုလ်လုပွဲပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ နိုင်ဂျီးရီးယားအသင်းက မာလီအသင်းနှင့်လည်းကောင်း၊ ဘာကီနာဖာဆိုအသင်းက ဂါနာအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်စီးတီးကံကောင်း၍တစ်မှတ်ရ

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၂၅)လက်ကျန်အဖြစ် မန်စီးတီးက လီဗာပူးကို အိမ်ရှင်အဖြစ်လက်ခံကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီသရေကျသွားခဲ့သည်။မန်စီးတီးတို့ ယင်းပွဲသရေကျခဲ့သဖြင့် အမှတ်ပေးဇယားထိပ်ဆုံးရောက် မန်ယူနောက်မှ ကိုးမှတ်ကွာ၍ လိုက်နေရသည်။ သို့သော် မန်စီးတီးနည်းပြက ဖလားလုပွဲ မပြီးသေးဟုဆိုသည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
300 W TV.TX Transmitter (1 Set) ဝယ်ယူရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လိုအပ်လျက်ရှိသော 300 W TV.TX Transmitter (1 Set) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၂-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။
၅။ ဈေးနှုန်းစိစစ်မှုကို ၁၄-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်းအမှတ် ၀၆၇-၇၈၄၁၁၊ ၇၈၁၃၅

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ညီလေး/မောင်လေး ဦးကျော်မြင့်(Chairman)(GREAT FATHER LAND Construction & Decoration Co.,Ltd) ၏ (၅-၂-၂၀၁၃) ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းသုခနှင့် ပြည့်စုံ၍ ပျော်ရွှင်သာယာချမ်းမြေ့စွာဖြင့်ဘဝကိုဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်အစ်ကိုကြီး - ဦးမြင့်ဌေး + ချစ်အစ်မကြီး - ဒေါ်စန်းစန်းလွင်
ချစ်တူလေး - ကိုသက်လွင်ဌေး(ခ)ဗိုးချို (Managing Director)(Dream House Co.,Ltd) + မခင်ဝင်းဖော်
ချစ်မြေးလေး - ပန်းနုလွင်လွင်၊ အာကာလွင်လွင်

[illegible]

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းကို ရန်ကုန်မြို့၌ ၁၁-၂-၂၀၁၃ရက်မှစ၍ နှစ်လကြာ ဖွင့်လှစ်ပို့ချမည်။

ဖုန်း-၀၉-၄၂၅၂၈၂၀၆၁

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထင်ကျော် ၉/အမရ(နိုင်)၀၈၈၅၁၀၏ နိုင်ငံကူးလက်မှတ် ၄၀၃၀၃၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၀၆၀၃၃

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Thitagu Trading Co., Ltd ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၆၆၉/၂၀၀၇-၂၀၀၈ (၁၁-၁၀-၂၀၀၇) သည် လမ်းမတော်မြို့နယ်အတွင်း သွားလာနေစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၈၆၁၀၀၄၉

ဂုဏ်ယူဝမ်းမြောက်ခြင်း

PAING PHYO THIHA TRADING CO.,LTD

ပိုင်ဖြိုးသီဟကုမ္ပဏီလီမိတက် ရန်ကုန်ရုံးခွဲဖွင့်ပွဲကို ၂၆-၁-၂၀၁၃ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

D-7 Company Limited

ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်းမှာ ရှုံးကန်ရနိုင်ပြီး ဒေါ့မွန်နှင့်ဟမ်းဘတ်တို့အကြိတ်အနယ်ရှိမည့်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၁)

ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကလည်း မထင်မှတ်တဲ့ရလဒ်တွေနဲ့ ဖြတ်သန်းနေကြတာမို့ တစ်ပွဲထက်တစ်ပွဲ သက်ဝင်လှုပ်ရှားနေဆဲဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးကဘိုင်ယန်မြူးနစ်ဟာ ထိပ်ဆုံးကအမှတ်ဖြတ်ပြီး ပြေးထားနိုင်ပေမယ့် ဒီတစ်ပတ်ပွဲစဉ်မှာတော့ ရှော်လ်ကေးနဲ့တွေ့ရမှာမို့ စိုးထိတ်စရာတော့ဖြစ်နေပါတယ်။ ပွဲစဉ်တိုင်းသုံးမှတ်အပြည့် ရယူလိုနေတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဘွန်ဒက်စ်လီဂါဖလားကို သေချာပေါက်ဆွတ်ခူးနိုင်ရေးအတွက် ကြိုးစားမှာမို့ ဒီတစ်ပတ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကစားမည့်ပွဲမှာလည်း ပရိသတ်အကြိုက်ပွဲစဉ်တွေအဖြစ် မြင်တွေ့အားပေးကြရဦးမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်- ရေးသားသည်

ဘိုင်ယန်မြူးနစ်နှင့်ရှော်လ်ကေး

ရှော်လ်ကေးနဲ့ဆုံတိုင်း ဘိုင်ယန်မြူးနစ်တို့ အနိုင်ယူခဲ့တာများတာမို့ သမိုင်းမှတ်တမ်းကို ဘိုင်ယန်မြူးနစ်တို့အတိမ်းအစောင်းမခံဘဲ ဆက်လက်ရေးထိုးနိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ဖလားရယူရေးအပြင် မှတ်တမ်းကောင်းနိုင်ဖို့အတွက် အားထုတ်နေတာမို့ ရှော်လ်ကေးတို့ ဘယ်လောက်အထိခုခံနိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။ ရှော်လ်ကေးဟာ ကစားအားမာကျော့ပြီး ဘိုင်ယန်မြူးနစ်ကို ခြေရည်တူကစားနိုင်ပေမယ့် အနိုင်ရလဒ်ကို မျှော်လင့်ဖို့တော့ သိပ်မလွယ်ပါဘူး။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်တို့ အလေးအနက်ထားပြီး မကစားရင်တော့ မမျှော်လင့်တဲ့ရလဒ်တွေလည်းဖြစ်ပေါ်နိုင်ပါတယ်။

ဒေါ့မွန်နှင့်ဟမ်းဘတ်

တစ်လှည့်စီ အနိုင်ယူနေကြတဲ့ အသင်းတွေဖြစ်တာမို့ ဒီပွဲစဉ်ဟာ ကြည့်ကောင်းပါလိမ့်မယ်။ ဒေါ့မွန်ဟာ ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ အသင်းဖြစ်ပြီး ရှုံးပွဲ၊ နိုင်ပွဲတွေနဲ့ လုံးချာလိုက်နေတာမို့ ဒီပွဲမှာ ယုံကြည်ဖို့တော့ ခက်ခဲနေပါတယ်။ ဟမ်းဘတ်တို့ကလည်း ခံစစ်မှူးတွေအမှား အယွင်းများတတ်တာမို့ စိတ်ချလို့တော့မရပါဘူး၊ ဒီပွဲက အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ ပြိုင်ဆိုင်ရပါလိမ့်မယ်။

ဂလာဘတ်နှင့် လေဗာကူဆင်

ဂလာဘတ်ရဲ့ လောလောဆယ်ခြေစွမ်းက တက်ရိပ်ပြနေတာမို့ လေဗာကူဆင်တို့ အာရုံတွေ ထွေပြားရဦးမယ့်ပွဲပါပဲ။ လေဗာကူဆင်ဟာ အားထုတ်မှုကောင်းပေမယ့် အဆုံးသတ်မသေချာလို့ရလဒ်ကောင်းတွေနဲ့ လွဲချော်ခဲ့ရမှုတွေကလည်း အကြိမ်ကြိမ်ပါပဲ။ ဂလာဘတ်ရဲ့ အိမ်ကွင်းမှာ ထိုးဖောက်တိုက်စစ်ဆင်မှုတွေက လေဗာကူဆင်ရဲ့ မျှော်လင့်ချက်များပြားနိုင်အောင် စွမ်းဆောင်နိုင်မလား ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။

စတုဂတ်နှင့်ဝါဒါဘရီမင်

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲဆုံတွေ့မှုကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲကျကာ ဝါဒါဘရီမင်က တစ်ပွဲရှုံးထားပါတယ်။ လောလောဆယ်ရလဒ်တွေကိုကြည့်ရင် စတုဂတ်တို့က ရှုံးပွဲတွေများသလို ဝါဒါဘရီမင်တို့ကလည်း ရှုံးပွဲတွေ ဆက်တိုက်ဖြစ်နေပါတယ်။ ခြေစွမ်းကျဆင်းနေတဲ့ အသင်းတွေရဲ့ အားပြိုင်မှုကို ပရိသတ်တွေ အားပေးအကဲဖြတ်ဖို့တော့ မြင်တွေ့ရပါလိမ့်မယ်။

ဟန်နိုဗာနှင့် ဟော့ဖန်ဟိမ်း

ဟန်နိုဗာဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောပြီး ရလဒ်ကောင်းအောင်လည်း ဖန်တီးနိုင်ပါတယ်။ ဟန်နိုဗာဟာ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်တွေကို အနိုင်ယူနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် အနိုင်သုံးမှတ်ရယူဖို့ ပြင်းထန်နေတဲ့ ဟော့ဖန်ဟိမ်းရဲ့ ကစားအားကြောင့် ဒီပွဲဟာ ပရိသတ်ကို ရသတွေအများကြီးပေးမယ့် ပွဲလို့ ယုံကြည်ပါတယ်။

ဖရန့်ဖွတ်နှင့် နုရင်ဘတ်

ဖရန့်ဖွတ်ဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ကောင်းကောင်း ဒုက္ခပေးနိုင်တဲ့ အသင်းဖြစ်ပါတယ်။ တိုက်စစ်ဖွင့်ကစားတတ်ပြီး ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့ ဖရန့်ဖွတ်က ညှော့သည်နုရင်ဘတ်ကို အမှတ်ခွဲပေးဖို့ စိတ်ကူးမှာမဟုတ်ပါဘူး။ ရှုံးပွဲတွေများလာတဲ့ နုရင်ဘတ်ဟာ ဒီပွဲမှာလည်း မျှော်လင့်ချက်မြင့်မြင့်ထားလို့ မရနိုင်ပြန်တာမို့ အမှတ်ရသလောက်ယူပြီး ပြန်ဖို့အတွက်ပဲ အာရုံပြုရမှာပါ။ ဒါပေမယ့် အကျပ်အတည်းကြားက ဂိုးရအောင်သွင်းယူတတ်တဲ့ နုရင်ဘတ်တိုက်စစ်မှူးတွေရဲ့ တွန်းအားတိုက်အားတွေကလည်း အလေးထားစရာတော့ ဖြစ်နေပါတယ်။ ။

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

RUBY 519100
09-51-77212, 535100

ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ
Feb 13,14,15
240860/372290
09-49282625

Golden Brothers Travels
ကျိုက်ထီးရိုး
ချောင်းသာ

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077, 09-731 67000
209388, 09-731 68000

မဟာဒွါရနိကာယ သာသနာ့ဝေပုလ္လစာမေးပွဲကြီးကျင်းပမည်

တတိယအကြိမ် ဓမ္မာနုဓမ္မမဟာဒွါရနိကာယ(ရန်ကုန်) သာသနာ့ဝေပုလ္လစာမေးပွဲကြီးကို ၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁ ရက်မှ ၆ ရက်အထိ၊ ဖေဖော်ဝါရီ ၁၁ရက်မှ ၁၆ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၄)ရပ်ကွက်၊ ကျောက်ကုန်း မဟာဝိဇယကာရီ ငါးထပ်ဗိမာန်တော်ကြီး၌ ရန်ကုန်စည်ပင်နယ်အတွင်း သီတင်းသုံးနေထိုင်ကြသော မဟာဒွါရဂိုဏ်းဝင် ရဟန်း၊ သာမဏေ အပါး ၂၈၀ခန့် လာရောက်စာမေးပွဲဖြေဆိုမည်ဖြစ်ကြောင်း ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား သိစေအပ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၇-၁-၂၀၁၃ရက်တွင် ကျင်းပခဲ့သော ပညာရည်ချွန်ဆုပေးပွဲတွင် ချစ်သမီးလေး မမြတ်မှူးခင် (ဆဋ္ဌမတန်း၊ အထက-၂၊ ပျဉ်းမနား)မှ မြို့နယ်ဘက်စုံထူးချွန်(ပထမဆု)နှင့် စာပေထူးချွန်(ပထမဆု)များကို ရရှိခဲ့ခြင်းနှင့် ထိုပထမဆုများကို တတိယတန်းမှ ယခု ဆဋ္ဌမတန်းအထိ လေးနှစ်ဆက်တိုက် ရရှိပါသောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ရှေ့ဆက်သွားမည့် ပညာခရီးစဉ်တွင်လည်း ထူးချွန်ထက်မြက်အောင် ကြိုးစား၍ နိုင်ငံအတွက် သမီးကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

ဖေဖေ	- ဦးမြတ်ထွန်း (မြတ်ရွှေစင် ရွှေဆိုင်)
မေမေ	- ဒေါ်ရီရီခိုင်မျိုး
ကိုကိုကြီး	- မြတ်ထွဋ်ပိုင် ဆေးတက္ကသိုလ် (မန္တလေး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၆၃ဟု ခေါ်တွင်သော ဆောက်လုပ်ဆဲတိုက်၏ ပထမထပ် (လှေကားမှတက်လျှင် ယာဘက်ခန်း) တိုက်ခန်းတစ်ခန်းနှင့် ထိုတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မီမီထွန်း ၁၂/ဗတထ(နိုင်)၀၂၁၀၉၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်ပြည့်မြောက်သောရက်ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေမေလွင်၊ ဒေါ်မေဝိုင်း
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၆၃၊ အခန်းအမှတ် ၂၀၃၊ MAC Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၈၅၉၁၃၃၄၊ ၀၉-၄၃၀၉၆၅၀၈

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

- ဆွမ်ဆီးအသင်းတိုက်စစ်မှူး မိချူအား လာမည့် ၂၀၁၆ ခုနှစ်အထိ စာချုပ်သစ်ချုပ်ဆိုရန် ဆွမ်ဆီးတာဝန်ရှိသူများက ဆွေးနွေးလျက်ရှိသည်။
- ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား အသက် ၃၀ အရွယ်ရှိ ကာကာအား အေစီမီလန်နှင့် အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီတို့က ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းပေး၍ ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်စီးတီးတိုက်စစ်မှူး အသက် ၂၈ နှစ်အရွယ်ရှိ တီဗက်ဇ်က လာမည့်နွေရာသီ၌ အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ပဲရစ်စိန့်ဂျာမိန်းအသင်းနှင့် ငါးလစာချုပ်ချုပ်ဆိုထားသော ဒေးဗစ်ဘက်ဟမ်းအား ကာလရှည်စာချုပ်ချုပ်ဆိုနိုင်ရေး အသင်းပိုင်ရှင်များက စဉ်းစားလျက်ရှိသည်။
- ချယ်လ်ဆီးအသင်းနည်းပြအဖြစ် နောက်ထပ်တစ်နှစ်သက်တမ်းတိုးတာဝန်ယူရန် ချယ်လ်ဆီးကစားသမားများက ဆန္ဒရှိကြောင်း ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားသည်။
- မန်ယူနောက်ခံလူ ရာဖေးလ်က မိမိအနေဖြင့်လက်ရှိအနေအထားထက်တိုးတက်ကောင်းမွန်အောင် ကြိုးစားပြီး မန်ယူအသင်းအောင်မြင်မှုရရှိရန် စွမ်းဆောင်ပေးလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- ပရီမီယာလိဂ်တွင် ရလဒ်ဆိုးရွားနေသော်လည်း အက်ဖ်အေဖလားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးနှင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးကို ကြိုးစားသွားမည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။
- ဆွမ်ဆီးတိုက်စစ်မှူး ဂရေဟမ်ကို ဆန်းဒါးလန်းက ပြောင်းရွှေ့ကြေး ပေါင် ငါးသန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။
- မိမိဘဝအတွက် စံပြဘောလုံးသမားမှာ စီရိုနယ်ဒိုဖြစ်ကြောင်း စပါးတောင်ပံကစားသမား ဂါးရက်ဘေးလ်က ထုတ်ဖော်ပြောကြားသည်။
- ဘရာဇီး လူငယ်ကွင်းလယ်ကစားသမား အန်ဒါဆန်အား လာဇီယိုမှ ဇန်နဝါရီအပြောင်းအရွှေ့၌ ခေါ်ယူရန်ကြိုးစားမှု မအောင်မြင်ခဲ့ကြောင်းသိရသည်။
- စတုတ်အသင်းသည် အသက် ၂၂ နှစ်အရွယ် အမေရိကန်တောင်ပံကစားသမား ဘက်ခ်ရှေးအား ပြောင်းရွှေ့ကြေး ပေါင် ၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

မောင်ချစ်ကြည် - ရေးသားသည်

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန
အဆောက်အအုံနှင့် မြေနေရာများငှားရမ်းရန်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အောက်ဖော်ပြပါ အဆောက်အအုံနှင့် မြေနေရာများအား ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အားကစားဝန်ကြီးဌာန ရုံးအမှတ် ၃၁၊ နေပြည်တော်တွင် ၁-၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၁-၂-၂၀၁၃ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းကြရန်ဖြစ်ပါသည်-

(က) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူအားကစားကွင်းရှိ သုံးထပ်ဆောင်
(ခ) ရန်ကုန်မြို့၊ ဒဂုံမြောက်အားကစားကွင်းရှင်းလင်းဆောင်
(ဂ) ပုသိမ်မြို့၊ ချောင်းသာလေ့ကျင့်ရေးစခန်း
(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးဟောင်း(ကျိုက္ကဆံ)

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၂၉၊ ၄၀၆၀၂၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

အားကစားဝန်ကြီးဌာန
ရုံးအမှတ်-၃၁၊ နေပြည်တော်

ရန်ကုန်တက္ကသိုလ်(ပင်မ) ရွှေဘိုဆောင် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်(မဟာရွှေဘို) ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	- ၈-၂-၂၀၁၃ရက် (သောကြာနေ့)
အချိန်	- ညနေ ၆ နာရီ
နေရာ	- စိမ်းလန်းစိုပြည် (၂၈၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်)

ဆက်သွယ်ရန်-

ဆရာဦးဝင်းဆွေ ဖုန်း-၀၉-၅၀၀၃၄၂၅	စံထွန်း(Philo) ဖုန်း-၀၉-၅၁၃၆၃၂၇
ကျော်ထွေးအောင်(Law) ဖုန်း-၀၉-၄၃၁၄၈၀၉၇	ကျော်ဇင်သန့်(IR) ဖုန်း-၀၉-၅၁၈၅၁၃၁
ကျော်စွာမြင့်(Law)ဖုန်း-၀၉-၈၆၃၄၄၂၅	မျိုးသန့်(IR) ဖုန်း-၀၉-၅၁၁၈၁၇၂
ဇော်မင်းအောင်(Law) ဖုန်း-၀၉-၅၅၃၅၉၉၉	ထွန်းထွန်း(OS) ဖုန်း-၀၉-၄၉၇၅၆၁၃၈
အောင်ဇော်မိုး(Anthro)ဖုန်း-၀၉-၈၃၅၁၁၃၃	မြတ်သစ်(OS) ဖုန်း-၀၉-၅၀၄၆၈၅၅
ဇော်မင်းယု(Psy:) ဖုန်း-၀၉-၅၄၁၄၄၂၈	သိန်းထူးလေး(Anthro) ဖုန်း-၀၉-၅၁၉၈၅၀၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျိုင်းတုံနှင့်တာချီလိတ်သို့ပါ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုရောက်ရှိလာ

တာချီလိတ် ဖေဖော်ဝါရီ ၄

မြန်မာတို့၏ဂုဏ်ယူစရာ ဘိုးဘွားအမွေအနှစ်များဖြစ်သည့် စေတီပုထိုးကျောင်းကန်များ၊ ရိုးရာယဉ်ကျေးမှုများ၊ အနုပညာလက်ရာများ၊ လက်မှုပညာများ၊ တိုင်းရင်းသားတို့၏ ဟန်ဆောင်မှုကင်းသော ရင်းနှီးဖော်ရွေမှုများ၊ သဘာဝအလှအပ ရှုခင်းများကြောင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုကြသော ကမ္ဘာလှည့်ခရီးသည်များမှ အထူးစိတ်ဝင်တစားရှိနေခဲ့ရာ မြန်မာနိုင်ငံ၏ပြောင်းလဲတိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကြောင့် ယခုနှစ်ပိုင်းအတွင်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများ တစ်နေ့တခြား တိုးတက်များပြားလာသည်ကို တွေ့မြင်ရပေသည်။

အလားတူ ရေတံခွန်စိမ့်စမ်း၊ တောတောင် သဘာဝများ၊ ရှမ်း၊ အာခါ၊ လားဟူတိုင်းရင်းသားတို့၏ ရှေးရိုးရာမပျက်နေထိုင်စားသောက်မှုများ၊ ရိုးရာဂျပ်ခုတ်(ရက်ကန်း)လုပ်ငန်းများ၊ ယွန်းထည်လုပ်ငန်း၊ မြေထည်လုပ်ငန်း၊ တောင်ယာစိုက်ခင်းများဖြင့် ထင်ရှားကျော်ကြားလှသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့လည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုများ ရှိခဲ့သော်လည်း တစ်ချိန်တစ်ခါက နယ်မြေလုံခြုံရေး အရလည်းကောင်း၊ နိုင်ငံရေးအခြေအနေအရလည်းကောင်း ကန့်သတ်မှုများရှိနေခဲ့သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်သွားလာနိုင်မှု နည်းပါးခဲ့ရာမှ မျက်မှောက်ခေတ်ပြောင်းလဲတိုးတက်မှုများနှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံနှင့် တာချီလိတ်ဒေသများသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ တစ်နေ့တခြား တိုးတက်များပြားလာသည်ကို တွေ့ရှိရပေသည်။

ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ အဲကမ္ဘောဇလေကြောင်းဖြင့် အီတလီနိုင်ငံသားနှစ်ဦး၊ ဒတ်ချ်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနိုင်ငံသား ကိုးဦးတို့သည် တာချီလိတ်မြို့တွင်း၌ လှည့်လည်လေ့လာကြကာ မော်တော်ယာဉ်ဖြင့် ကျိုင်းတုံမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ကျိုင်းတုံမြို့ရှိ ခေမာရဋ္ဌရပ်တော်မှ ဗျာဒိတ်ပေးဘုရားကြီး၊ မဟာမြတ်မုနိဘုရား၊ အလောင်းမင်းတရားကြီး စိုက်ပျိုးခဲ့သော ကညင်ဖြူပင်ကြီးတည်ရှိရာ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ စော်ဘွားဂူ၊ ရှေးမြို့ရိုး၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ၊ လက်ဖက်နှင့်လိမ္မော် စိုက်ခင်းများကို သွားရောက်လေ့လာ ကြမည်ဖြစ်ပြီး ကျိုင်းတုံမြို့မှ တစ်ဆင့် တောင်ကြီး (အင်းလေးဒေသ)နှင့် ပုဂံ ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေများကို ဆက်လက် သွားရောက် လေ့လာကြမည် ဖြစ်ကြောင်း သိရှိရသည်။ **(ဇဗ၀)**

မြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၅၁ လက်မနှင့် ရေးမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ပုသိမ် ဖေဖော်ဝါရီ ၄

ဆီးချို၊ သွေးချိုရောဂါ အခမဲ့ကုသပေး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်သည်လမ်း(မိခင်နှင့်ကလေး)တွင် ဖွင့်လှစ်ထားသော တိုင်းရောအခမဲ့ဆေးခန်းကို **(ယာပုံ)**တနင်္ဂနွေနေ့မှအပ နေ့စဉ် (အနောက်တိုင်းဆေး နံနက် ၉ နာရီမှ ၁၂ နာရီအထိ၊ တိုင်းရင်းဆေး မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ)ဖွင့်လှစ်၍ လူနာများကို အခမဲ့ ဆေးကုသပေးလျက်ရှိသည်။

တိုင်းရောအခမဲ့ ဆေးခန်းကြီးကြပ်မှုကော်မတီသည် ဇန်နဝါရီ ၃၀ ရက်မှ စတင်ကာ Medi Myanmar Group ကုမ္ပဏီ၏ ကူညီလှူဒါန်းမှုဖြင့် ဆီးချို၊ သွေးချိုရောဂါ ဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးခြင်း၊ ဆေးလှူဒါန်းခြင်းများကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကုသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဆီးချို၊ သွေးချိုရောဂါ အခမဲ့ကုသ၍ ဆေးလှူဒါန်းခြင်းကို နယ်မြေ ကန့်သတ်ချက်မထားဘဲ မည်သူမဆို မည်သည့်ဒေသမှမဆို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မွန်းလွဲ ၂ နာရီမှစတင်၍ လာရောက်ကုသနိုင်ကြောင်းနှင့် ဆေးဝါး၊ ငွေကြေး လှူဒါန်းလိုကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ကုမ္ပဏီများအနေဖြင့် ဦးဇော်ဝင်း ဖုန်း-၀၉-၈၅၅၁၇၆၂၊ ဦးအောင်ဌေး ဖုန်း-၀၉-၄၉၇၀၆၄၅၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဦးခန့်(SPN)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးဟောပြော

မြင်းမူ ဖေဖော်ဝါရီ ၄

မြင်းမူမြို့ရှိ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က မြင်းမူအထက ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်သန်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အကြောင်းအရာများကို လည်းကောင်း၊ မြင်းမူမြို့နယ်ဥပဒေအရာရှိ ဦးအောင်ပိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်စပ်လျဉ်း၍ ခြေကျင်လျှောက်သူများ၊ ဆိုင်ကယ်စီးနင်းသူများ၊ ကားမောင်းသူများ လိုက်နာရမည့် အကြောင်းအရာများကို ဟောပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့ ရဲအုပ်အောင်ကြည်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန်တို့ကို ရှင်းလင်းပြောကြားပြီး ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူးက ကျောင်းသားကျောင်းသူ သုံးဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး ဆုများချီးမြှင့်ခဲ့သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စခန်းမှူး ရဲအုပ်သောင်းတင်၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြင်းမူအထက၊ မြင်းမူအထက (ခွဲ)၊ အမှတ်(၁) မူလွန်၊ အမှတ်(၄) မူလွန်ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရှိရသည်။

ကိုကိုနိုင်(မြင်းမူ)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ကန်ထရိုက်တာဦးကျော်သက်လွင် ၁၂/လသန(ဧည့်)၀၀၁၅၃၈နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃၤန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၈၄)တွင်နေထိုင်သူ ဒေါ်ခင်မျိုးသန့် ၁၂/သဃက(နိုင်)၁၀၉၃၁၈၊ ဦးတင်ယု ၁၂/သဃက(နိုင်)၀၉၉၁၉၉တို့၏လွှဲအပ်ညွှန်ကြားချက်အရ ကန်ထရိုက်တာ ဦးကျော်သက်လွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်မျိုးသန့်၊ ဦးတင်ယုတို့သည် လူကြီးမင်း ဦးကျော်သက်လွင်နှင့် ၂၂-၁၁-၂၀၁၁ရက်တွင် နှစ်ခန်းတွဲသုံးထပ်တိုက်ခွဲတိုက်သစ်တစ်လုံး ဆောက်လုပ်ရန် လုပ်ငန်းလက်ခံခြင်း၊ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ ကတိပဋိညာဉ်စာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

သို့ရာတွင် လူကြီးမင်းဦးကျော်သက်လွင်သည် စာချုပ်ချုပ်ဆိုသည့် ၂၂-၁၁-၂၀၁၁ ရက်မှ ယနေ့အထိ မြေပိုင်ရှင်များဖြစ်ကြသော ဒေါ်ခင်မျိုးသန့်၊ ဦးတင်ယုတို့နှင့် တစ်စုံတစ်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါသဖြင့် အဆိုပါစာချုပ်ကိုဖျက်သိမ်းကြောင်းနှင့် ကန်ထရိုက်တာနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ကန်ထရိုက်တာ ဦးကျော်သက်လွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန် LL.B, D.M.L, DAPsy, D.I.L, D.B.L
စာပေဗိမာန်(အငြိမ်းစား) တရားလွှတ်တော်ရှေ့နေ
ရုံး-မြို့နယ်တရားရုံးဝင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
အိမ်-အမှတ်(၇၇၆)၊ (၂)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃၤန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၁၃၀၈၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် (၅/က+ခ)၊ ခြောက်ထပ်တိုက်၊ အခန်းအမှတ် (5/D)၊ စတုတ္ထထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်မို့မို့ဝင်း ၁၂/ပဘတ(နိုင်)၀၀၉၈၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ပေးကတိစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်ရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်အပြီးတိုင်ဆောင်ရွက်လိမ့်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှထွေး LL.B, DBL
အထက်တန်းရှေ့နေ (၂၃၃၀၁)
အမှတ် (၄၄၆/ခ)၊ ဓမ္မာရုံလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဝယ်လိုသည်

န၊ ပ၊ ဗ၊ ဘ၊ လ၊ အပ်ကား၊ ကားအပ်ပြီးစလစ်၊ လေလံအပ်ကား။ **ဖုန်း-၀၉-၄၄၈၀၀၇၃၇၇**

အမည်ပြောင်း

ဒုအရာခံဗိုလ်စောနိုင်၏သား မောင်ကျော်ကျော်လင်း ၁၀/မလမ(နိုင်)၂၀၈၈၇၃အား မောင်ကောင်းဆက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းဆက်နိုင်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၃၉၃၊ မြေကွက်တည်နေရာအမှတ် ၃၉၃၊ ဧရာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမြင့်မောင် AF-၀၆၄၉၉၇အမည်ပေါက် နှစ်၆၀ ဂရန်မြေအားအမည်ပေါက် ဦးမြင့်မောင်နှင့် ဇနီးဒေါ်ကြည်ကြည်လှိုင် မိခင်၊ ဖခင်တို့ အသီးသီးကွယ်လွန်သဖြင့် ၁။ ဦးခင်မြင့်ဇော် ၁၂/ပဘတ(နိုင်)၀၀၈၀၈၄၊ ၂။ ဦးတင်မောင်မြင့် ၁၄/မမန(နိုင်)၁၄၈၁၉၅၊ ၃။ ဒေါ်သီတာမြင့်(ခ) ဒေါ်သင်းသင်းမြင့် ၁၂/ပဘတ(နိုင်)၀၀၈၀၈၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ၄င်းတို့ထံမှ GP. ၁၉၇၈၄/၁၂ ၁၃-၁၂-၁၂ ရရှိသူဒေါ်ခင်ပပကျော် ၁၃/တယန(နိုင်)၀၀၂၆၃၁က ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

ဝါရွှေစင် Co., Ltd. နှင့် **ဝါရွှေစင်**(ပိုးထည်တိုက်)တို့၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝါဝါသိမ်း၏ ၅-၂-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြီးပြည့်စုံပြီး အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ။

ချစ်ခင်ပွန်း - ဦးမျိုးဝင်း(အင်ဂျင်နီယာမှူးကြီး)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ချစ်သားကြီး - ကိုဖေယျာမျိုး (Director-ဝါရွှေစင် Co., Ltd.)
မကြည်ကြည်ဆွေ(ခ)ချောစု (G-2000, Junction Square)
ချစ်သားလတ် - ကိုဇာနည်မျိုး (Director-ဝါရွှေစင် Co.,Ltd.)
မမေသန္တာထွန်း(ခ)လုံးလုံး (ဝါရွှေစင်-ပိုးထည်တိုက်)
ချစ်သားငယ် - ကိုနေမျိုးထွေး(Director-ဝါရွှေစင် Co.,Ltd.)
ချစ်သမီး - မမေဇွန်ရတနာမျိုး B.E (IT)
ချစ်မြေး - ညီလပြည့်(ခ)စွမ်စွမ် Toddler, Horizon International (Shu Khinn Thar Compus)

မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

ဝါရွှေစင် Co., Ltd. နှင့် **ဝါရွှေစင်**(ပိုးထည်တိုက်)တို့၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝါဝါသိမ်း၏ ၅-၂-၂၀၁၃ရက်တွင် ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြီးပြည့်စုံပြီး အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေ။

ဝါရွှေစင် Co., Ltd. နှင့်
ဝါရွှေစင် (ပိုးထည်တိုက်)ဝန်ထမ်းများ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မုံရွာမြို့၌ ရွှေတောင်မေတ္တာလူမှုကူညီရေးအသင်းဖွင့်လှစ်

မုံရွာ ဖေဖော်ဝါရီ ၄

ရွှေတောင်မေတ္တာ လူမှုကူညီရေးအသင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အသင်းတည်ရှိရာ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ ပြည်လုံးချမ်းသာကျောင်းတိုက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါအသင်းကို ရပ်ဝေးရပ်နီးမှ အများကောင်းမှုစုပေါင်းလှူဒါန်းမှုဖြင့် တည်ထောင်ထားခြင်းဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး လူမှုရေးအကူအညီများ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အသင်းအနေနဲ့ အချိန်ပိုင်းဆေးကုခန်းဖွင့်လှစ်ပြီး အခမဲ့ကုသပေးခြင်း၊ သွေးလှူဒါန်းခြင်း၊ အောက်ဆီဂျင်ဘူး အခမဲ့ငှားရမ်းခြင်း၊ လူနာတင်ယာဉ်၊ ဘက်စုံသုံးယာဉ်တွေငှားရမ်းပေးခြင်းနဲ့ သာရေး၊ နာရေးအသုံးအဆောင်ပစ္စည်းများ အခမဲ့ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမှာပါ"ဟု အသင်းအမှုဆောင် ဦးကျော်မျိုးမင်းက ပြောကြားသည်။

အဆိုပါအသင်းသို့ လူမှုရေးအကူအညီများ တောင်းခံလိုပါက (သို့မဟုတ်)လှူဒါန်းလိုပါက ဖုန်း-၀၉-၂၁၃၂၃၆၄၊ ၀၉- ၄၉၂၇၉၀၈၀ နှင့် ၀၉-၄၀၀၄၀၇၀၄၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

ရန်ကြီးအောင်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျောက်ဆည်မြို့နယ်၌ ကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၄

ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးက ယာဉ်မတော်တဆဖြစ်ရသည့် အကြောင်းအရင်းများနှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းဖြင့် အသက်အန္တရာယ်လုံခြုံမှုရှိကြောင်း၊ ဥပဒေနှင့် ယာဉ်စည်းကမ်းလိုက်နာ မောင်းနှင်စေရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးဝင်းမြင့်က ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစည်သူထွဏ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ခရိုင်ရုံး(ကျောက်ဆည်)မှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့်စည်းကမ်းများ၊ ယာဉ်အန္တရာယ်မတော်တဆ လျော့နည်းရေးအတွက် သတိပြုရမည့်အချက်များ၊ လမ်းညွှန်အမှတ်အသားများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။ **(ဝဲပုံ)**

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၇၂၀ တက်ရောက်ခဲ့ပြီး ခရိုင်ရုံး(ကျောက်ဆည်)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပထမအကြိမ် အာစရိယပူဇော်ပွဲ ရန်ပုံငွေ ပန်းချီ၊ ပန်းပုပြခန်း ဖွင့်လှစ်

မန္တလေး ဖေဖော်ဝါရီ ၄

မန္တလေး အောင်မြေသာစံမြို့နယ် ကုသိုလ်တော် ပန်းချီပြခန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကျောင်းသားဟောင်းများ၏ ပန်းချီ၊ ပန်းပုပြပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခ ဒေါ်ခင်ကြည်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြခန်းအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ပြခန်းတွင် အခရလစ်၊ ပတ်စတယ်၊ ဆီဆေး၊ ရေဆေးဖြင့် ရေးဆွဲထားသော ပန်းချီကား ၅၀၊ အင်္ဂတေ၊ ဖိုက်ဘာ၊ ပလာစတာဖြင့် ပြုလုပ်ထုဆစ်ထားသော ပန်းပု (၁၇) ခုကို မန္တလေးအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၏ လက်ရာများဖြစ်၍ ပြခန်း၌ ရောင်းရငွေကို ပထမအကြိမ် အာစရိယပူဇော်ပွဲတွင် ဆရာကြီး ဆရာမကြီး ၈၃ ဦးကို ကန်တော့ရန်နှင့် အဝေးရောက်ဆရာကြီး ဆရာမကြီးများ၏ နေထိုင်စားသောက်စရိတ်များတွင် အသုံးပြုသွားမည်ဖြစ်သည်။ယခုပြသနေသော ပြခန်းသည် ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ပြီး ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလေး-ပြင်ဦးလွင်ကားလမ်း ရွှေ စာရံလမ်းခွဲ၌ တည်ရှိသော မန္တလေး အမျိုးသား ယဉ်ကျေးမှုနှင့် အနု ပညာတက္ကသိုလ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး**

ရတနာပုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံ တက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ် မြင်းခြံဒီဂရီကောလိပ်တို့တွင် ဘွဲ့ရစာမေးပွဲ အသီးသီး၌ အောင်မြင်ခဲ့သူများအတွက် ရတနာပုံ တက္ကသိုလ်(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား တတိယနေ့အစီအစဉ်ကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ဘွဲ့ရမောင်မယ်များကို ဘွဲ့လက်မှတ် အသီးသီး ပေးအပ်ချီးမြှင့်သည်။ အဆိုပါ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၇၊ ၈၊ ၁၃၊ ၁၄ ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ တက်ရောက်ဘွဲ့ ၆၉၉၅ ဦးနှင့် အဝေးရောက်ဘွဲ့ ၇၃ ဦးတို့အား ဘွဲ့များအသီးသီး ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)

ဝိုင်ဖိုင်အခမဲ့ဇုန်တပ်ဆင်ပေးရန် ရတနာပုံတက္ကသိုလ်ကျောင်းသားများလိုလား

မန္တလေး ဖေဖော်ဝါရီ ၄

မန္တလေးမြို့တွင် ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ စားသောက်ဆိုင်များနှင့် စတိုးဆိုင်များတွင် ဈေးဝယ်သူများကို ဆွဲဆောင်နိုင်ရန်အတွက် အခမဲ့အသုံးပြုနိုင်သော ဝိုင်ဖိုင်များကို တပ်ဆင်ပေးထားသဖြင့် ယင်းဆိုင်များသို့ လာရောက်သူများသည် ကိုယ်ပိုင်လက်ကိုင်ဖုန်းများ၊ လက်တော့ပ်နှင့် နုတ်ဘွတ်ခ်များအသုံးပြုကာ အင်တာနက်ကို ကြည့်ရှုနိုင်ပြီ ဖြစ်ကြောင်း၊ အထက်မြန်မာပြည်တွင် အကြီးဆုံးဖြစ်သည့် ရတနာပုံတက္ကသိုလ်တွင် ယခုအချိန်အထိ ဝိုင်ဖိုင်အခမဲ့ဇုန်တပ်ဆင်ပေးခြင်းမရှိသဖြင့် တက္ကသိုလ်ကျောင်းသားများ အင်တာနက်ဖြင့် ချိတ်ဆက်၍ အသုံးပြုနိုင်ခြင်းမရှိဘဲ ဗဟုသုတရရှိမည့် အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းမရှိဘဲဖြစ်နေရကြောင်း၊ ရတနာပုံ တက္ကသိုလ်မှ ကျောင်းသားအများစုသည် ကျောင်းအတွင်း၌ အခမဲ့အသုံးပြုနိုင်သော ဝိုင်ဖိုင်တပ်ဆင်ပေးနိုင်ရန်အတွက် လိုလားလျက်ရှိကြောင်း ကျောင်းသားတစ်ဦးက ပြောကြားသည်။

ရတနာပုံတက္ကသိုလ် ဖွင့်လှစ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်လာပြီဖြစ်သော်လည်း တက္ကသိုလ်ပညာရေးတွင် အဓိကကျသည့် စာကြည့်တိုက်အဆောက်အအုံမရှိသေးဘဲ ဖြစ်သလိုဖွင့်လှစ်ထားကြောင်း၊ တိုးတက်ပြောင်းလဲနေသော ယနေ့ခေတ်တွင် စာကြည့်တိုက်စနစ်မှာ ခေတ်မီမှုမရှိဘဲ ရိုးရာစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း၊ အီလက်ထရွန်နစ်စာကြည့်တိုက်စနစ်ကို ပြောင်းလဲဖို့ လိုအပ်နေဆဲဖြစ်ကြောင်း၊ ပင်မဆောင်တွင် ဖွင့်ထားသော e-Library မှာ အမြဲဖွင့်လှစ်နိုင်ခြင်းမရှိဘဲ လူကြီးများလာမှသာ ဖုန်ခါ၍ အသုံးပြုလျက်ရှိကြောင်း၊ ကျောင်းတွင် ကျောင်းသားအင်အား ၂၀၀၀၀ ကျော်ရှိပြီး ရန်ပုံငွေအင်အား တောင့်တင်းမှုရှိသော်လည်း ကျောင်းတွင်းအားကစားပွဲ၊ အနုပညာဖျော်ဖြေပွဲ၊ ရိုးရာပွဲတော်များ၊ စာအုပ်ပြပွဲနှင့် ကျန်းမာရေး ဟောပြောပွဲများကို ထိရောက်စွာ ကျင်းပနိုင်ခြင်းမရှိဘဲ သတင်းစာထဲတွင် သတင်းဖော်ပြနိုင်ရုံ လောက်သာဆောင်ရွက်လျက်ရှိကြောင်း၊ အခကြေးငွေပေးရသော်လည်း ဆိုင်ကယ်စတင်းမှာလည်း အရိပ်အာဝါသပြုလုပ်ပေးနိုင်ခြင်းမရှိဘဲ ဖြစ်သလို ထားနေရကြောင်း၊ကျောင်းတွင်းရှိ စားသောက်ဆိုင်များမှာ တစ်နှစ်လျှင် တင်ဒါကြေး သိန်း ၃၀ မှ သိန်း ၁၀၀ အထိ ပေးနေရသဖြင့် အစားအသောက်မှာ ဈေးနှုန်းကြီးမြင့်နေကြောင်း၊ ကျောင်းသားများအနေဖြင့် ကျောင်းအပြင်ရှိ ကျန်းမာရေးနှင့်မညီညွတ်သော လမ်းဘေး စားသောက်ဆိုင်များမှ အစားအစာများကို ဝယ်ယူစားသောက်နေရကြောင်း ၄င်းက ပြောကြားသည်။

တင်မောင်(မန်းကိုယ်ပွား)

ထပ်ဆင့်ဓာတ်အားခွဲရုံတည်ဆောက် ကျေးရွာများ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးမည်

မန္တလေး ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူသည် တိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာနှင့်အတူ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ တောင်ပြုံးရွာသို့ရောက်ရှိရာ တောင်ပြုံးရွာတွင် တိုးချဲ့တည်ဆောက်လျက်ရှိသည့် ၃၃/ ၁၁ ကေဗွီ ၅၀၀၀ ကေဗွီအေဓာတ်အားခွဲရုံအတွက် Control Room နှင့် Switch Yard တည်ဆောက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းအမြန်ပြီးပြတ်စေရေး၊ အများပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

တောင်ပြုံး ၃၃/၁၁ ကေဗွီ ၅၀၀၀ ကေဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက တောင်ပြုံးရွာအနီးပတ်ဝန်းကျင်ရှိ ကျုံးရွာ၊ သလွန်ဖြူရွာ၊ လွန်တောင်းရွာနှင့် ဝါးရင်းတုတ်ရွာအစရှိသော ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

တင်မောင်(မန္တလေး)

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်းအား ရက်ထပ်မံတိုးမြှင့်ခြင်း
၂၅-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ၂၈-၁-၂၀၁၃ရက် နောက်ဆုံးဖိတ်ခေါ်ခြင်းအစား ၈-၂-၂၀၁၃ ရက်အထိ ရက်ထပ်မံတိုးမြှင့်ပါသည်။

အောင်သင်း၏ ကျော် ဝင်ခွင်
နိုင်ငံခြားရေးဝန်ကြီးဌာန၊ - - တတိယ အတွင်းဝန်
အမျိုးသားစီမံကိန်းဦးစီးအရာရှိ PGDMA
ထွေအုပ်၊ဒုဦးစီးမှူးအရာရှိ သီးသန့်
၂၀၁၃ အထူးထုတ် စာအုပ်သစ်ရပြီ
Ph:01-389370,09421042332,09420005131
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၇နှင့်၃၈ လမ်းကြား၊ရန်ကုန်။

အမည်ပြောင်း
ဦးသန်းအောင်၏သား မြိတ်မြို့၊ အထက(၁)၊ နဝမတန်း (အတွဲ-၇၊ B)မှ မောင်ကောင်းစက်အောင်အား မောင်ကောင်းဆက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

ပေပေဝန္နာ - မျိုးမြတ်သူ
အမြန်ပြန်လာပါ
ကိုမျိုး+သူရိန်+သူရိယမိသားစု
မျိုးမြတ်သူ 0973062605 0949304244

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်ကိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂

၁။ ဦးအောင်မင်းမင်း **နှင့်** ၁။ ဦးမျိုးထွန်း
၂။ ဒေါ်မြင့်မြင့်၊ ၃။ ဒေါ်အေးမာ ၂။ ဒေါ်သန်းသန်းမြင့်
တရားလိုများ **တရားပြိုင်များ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဦးမျိုးထွန်း(ဘ)ဦးစောမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မင်းမင်း ပါ ၃ဦးက ယာယီအပ်ငွေကျပ်သိန်း (၁၄၀)တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သန်းသန်းရီ)**
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်ကိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁

၁။ ဦးစိန်ခိုင် **နှင့်** ၁။ ဦးမျိုးထွန်း
၂။ ဦးထွန်းကျော် ၂။ ဒေါ်သန်းသန်းမြင့်
တရားလိုများ **တရားပြိုင်များ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဦးမျိုးထွန်း(ဘ)ဦးစောမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိန်ခိုင်ပါ-၂ ဦးက ယာယီအပ်နှံထားသည့်ငွေကျပ် ၁၁၃သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သန်းသန်းရီ)**
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

ကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာအမှတ် (၁/၂၀၁၃)
လေယာဉ်မောင်/လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ခ) ၃၁-၃-၂၀၁၃ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၂၂)နှစ်ထက် ကျော်လွန်သူမဖြစ်စေရ။
(ဂ) လေယာဉ်မောင်အရပ် ၅ပေ ၆လက်မ၊ လေယာဉ်မယ်အရပ် ၅ပေ ၄လက်မနှင့် အထက်ရှိသူ ဖြစ်ရမည်။
(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။
(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။ မျက်မှန်နှင့် မျက်ကပ်မှန်တပ်ဆင်သူ မဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်)
(စ) အင်္ဂလိပ်စာအရေး/အပြော သင့်တင့်စွာ တတ်ကျွမ်းနားလည်ရမည်။ (စစ်ဆေးမှုရှိမည်)
(ဆ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)ပူးတွဲ တင်ပြရမည်။
(ဇ) မြန်မာနိုင်ငံ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပထမနှစ်အောင်မြင်ပြီးသူ ဖြစ်ရမည်။ သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ပြီးကြောင်း ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ဈ) အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံရေးကင်းရှင်းရမည်။ (သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်ကိုပူးတွဲတင်ပြရမည်။)
(ည) နိုင်ငံသားစစ်ဆေးရေးကတ်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။
(ဋ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်)
(ဌ) မြန်မာ့လေကြောင်း၌ အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။
၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲ၍ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှ မတ် ၂၈ရက်အထိ မြန်မာ့လေကြောင်း (ရုံးချုပ်)အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ်မြန်မာ့လေကြောင်း ဌာနခွဲရုံးများသို့ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်။
(က) ရှေ့တည့်တည့်နှင့်ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ ပို့စ်ကတ်ဆိုဒ်အရွယ် (၅" ၇") (၁)ပုံစီ (၂)ပုံ
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း
(ဃ) (၁၀)တန်းအောင်လက်မှတ်မူရင်း
၃။ အရည်အချင်းပြည့်မီသူများအား ၁၁-၃-၂၀၁၃ရက်မှစတင်၍ ရန်ကုန်မြန်မာ့လေကြောင်း (ရုံးချုပ်)နှင့် မန္တလေးမြန်မာ့လေကြောင်း ဌာနခွဲတို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မိမိတို့၏ လျှောက်လွှာများတွင် ဖြေဆိုလိုသည့်ဒေသကိုပါ ဖြည့်စွက်ပေးရမည်။

မြန်မာ့လေကြောင်း

သမီးလေး ကုမုဒြာဖြူ(ခ)ကူကူးအတွက် မွေးနေ့ဆုတောင်း

သမီးလေး ကုမုဒြာဖြူ(ခ)ကူကူး၏ ၅-၂-၂၀၁၃ ရက်တွင် ကျရောက်သော (၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သက်ရှည်ကျန်းမာ၍ ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေးအဖြစ် ဖေဖေ၊ မေမေတို့၏မေတ္တာအရိပ်အောက်မှာ ထာဝရအေးချမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်....

ဘိုးဘိုး - ဗိုလ်မှူးကြီးလင်းမောင်(ငြိမ်း)၊ ဘွားဘွား-ဒေါက်တာဒေါ်မေမာလာ
ဘွားဘွား - ဒေါ်နုနုယဉ်
ကယ်ကယ် - သန်းထိုက်အောင်၊ တီတီ-မီမီလင်းမောင်
တီတီ - ဇရာ
ကယ်ကယ် - ဘုန်းမင်းခန့်
ချစ်ဖေဖေ - ဒေါက်တာကျော်ထူးလင်း၊ ချစ်မေမေ-ဒေါ်သဒ္ဒါဖြူ

STYLE
Design & Tailoring Training Center
DOZO Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
မမေလွင်ဇေယျာ
ကိုယ်တိုင် ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့် စနစ်တကျ သင်ကြားပေးပါမည်၊ ညပိုင်းသင်တန်းရှိသည်။
သင်တန်းဖွင့်ရက် (၁၆-၂-၂၀၁၃)
သင်တန်းနေရာ-တိုက်(၅၅)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
09 73037491 , 095096251

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ အမှတ် (၆၆၆ ဘီ) ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးထွန်းထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထား၍ လက်ဝယ်ရှိသူဖြစ်သော ဦးပန်းရင် အေအိပ်ချ်တီ-၀၆၉၀၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်း စာရွက်စာတမ်းပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)
တိုက် ၉/၁၁၊ အခန်း ၀၀၅/ဘီ၊
၃၆ လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၉၃၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းအသီးသီးတွင် အသုံးပြုလျက်ရှိသည့် ယာဉ်၊ ယန္တရားများအတွက် တာယာ၊ ဘက်ထရီ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

မလေးရှား ခရီးစဉ် ဖေဖော်ဝါရီ ၂၂-၂၆ လေးညအိပ် ငါးရက်
•ငါးသိန်းလေးသောင်းကျပ် (ပထမ စာရင်းသွင်းသူ ဆယ်ဦး-ငါးသိန်းတစ်သောင်းကျပ်)
•ဈေးသက်သာပြီး သင့်တင့်တဲ့ လေယာဉ်စီးမယ် (Air Asia)
•များများလည်မယ် (ကွာလာလမ်ပူ၊ ပူထရာဂျာယာ၊ Genting Highlands တောင်စခန်းမြို့၊ မလက္ကာရှေးဟောင်းမြို့မှာ လည်ပတ်ပြီး မလက္ကာရေလက်ကြားမှာ သင်္ဘောစီးဦးမယ်)
•ကောင်းကောင်းစားမယ် (ဘူဖေးညစာ ၂နပ် အပါအဝင်)
•အေးအေးဆေးဆေး အိပ်စက် အနားယူမယ် (3 Star Hotel)
MANDALAR CHARM TRAVELS & TOURS
အမှတ် ၂၂၆၊ မြေညီထပ်၊ ၃၈ လမ်း(အထက်)၊ ရန်ကုန်။ ဖုန်း၀၁-၂၄၂၁၂၉၊ ၀၁-၂၅၆၆၇၂
E-mail : mandalarcharm@gmail.com

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်း ညီအစ်ကိုများ၏ (၁၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ပါရန်ဖိတ်ကြားအပ်ပါသည်။

နေရာ - တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)
ရက်စွဲ - ၁၂-၂-၂၀၁၃ ရက် (ပြည်ထောင်စုနေ့)
အချိန် - နံနက် ၆ နာရီ

ပြိုင်ပွဲကျင်းပရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၄၁/ယ-၁-D၊ ဧရိယာ ၀ဒသမ၁၀၈ဧက၊ မြေပိုင်မြေ (လ/န ၃-ခ)ရပြီး မြေအမျိုးအစား မြေပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ မြဝတ်ရည်လမ်းသွယ် (၂)၊ အမှတ် (၁၀)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးကျော်ဟို ၆/ကသန(နိုင်)၀၁၁၃၉၉က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်အေးအေးမြင့်	**နှင့်**	ဦးကိုကိုလေး
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြရိပ်ညိုလမ်း၊ အမှတ် ၈၅ နေ တရားပြိုင် ဦးကိုကိုလေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးမြင့်က ၁၆-၁-၂၀၀၅ရက်စွဲပါ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သိန်း)
ခရိုင်တရားသူကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကင်းကလေးဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ရန်ကင်းကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော ကလေးများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ (က) **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၂-၂၀၁၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၃ရက် ညနေ ၄း၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရန်ကင်းကလေးဆေးရုံကြီး
အမှတ် ၉၀၊ သစ္စာလမ်းမကြီး၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၈၅၅၀၆၇၉

ကျိုက်လတ်မြို့နယ်၊ သမဝါယမဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ၊ . . .။

၁။ ကျိုက်လတ်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်ရှိ အောင်မင်္ဂလာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ **(CDRF)**ပိုင်မြေကွက်အား (အဆောက်အအုံမပါ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) အကွက်အမှတ်နှင့်အမည် ၁၈-ကျိုက်လတ်အရှေ့
(ခ) ဦးပိုင်အမှတ် (၇၁၁)
(ဂ) မြေဧရိယာ ၀ဒသမ၀၇၇ဧက
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁-၂၀၁၃ရက်မှ ၇-၂-၂၀၁၃ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမဦးစီးဌာန၊ ကျိုက်လတ်မြို့
၄။ **တင်ဒါပုံစံပေးသွင်းရမည့်နောက်ဆုံးရက်** - ၈-၂-၂၀၁၃ရက်၊ နံနက် ၁၀း၀၀နာရီ
၅။ **ဖွင့်လှစ်မည့်နေ့ရက်၊အချိန်၊ နေရာ** - ၈-၂-၂၀၁၃ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ ကျိုက်လတ်မြို့နယ်၊ သမဝါယမဦးစီးဌာန

အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၁၈ (ခုနစ်လွှာ/က)အခန်းအား လက်ရှိဖြစ်သူ ဒေါ်အေးမြစန္ဒာ ၉/သစန(နိုင်) ၀၂၆၃၄၂ က အကျိုးခံစားခွင့်နှင့် အခွင့်အရေးများရှိပြီး ရောင်းချခွင့်ရှိကြောင်းဝန်ခံကာ အရှုပ်အရှင်းကင်းကြောင်း တာဝန်ယူရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေက ၂၉-၁-၂၀၁၃ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ဝယ်ယူသည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန်
B.A,H.G.P, R..L,D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၈/ဘီ၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၁-၂-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ အချပ်ပိုစာမျက်နှာ(ဃ)ပါ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး (၃၈)၊ မြေကွက်အမှတ် (၁၀၇/၁၀၈)၊ အကွက်အမည် ကျားပုံမြောက်၊ ဧရိယာ ၀ဒသမ၂၁၈ဧက အမည်ပေါက်လျှောက်ထားခြင်း အများသိစေရန် ကြေညာခြင်းအား နှစ်ဦးနှစ်ဖက်ပြေလည်အောင် ညှိနှိုင်းပြီးစီးသွားပါသဖြင့် အဆိုပါကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ဝင်း
အမှတ် (၃၀)၊ ရှမ်းလမ်း၊ ညောင်ရွှေဟော်ကုန်း၊ တောင်ကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးအောင်ကျော်လွင်	**နှင့်**	ဒေါ်ဆွေဆွေဝင်း
တရားလို		**တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် ၅ လမ်း၊ အမှတ် ၉၉၂နေ ဒေါ်ဆွေဆွေဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ပါ စည်းကမ်းချက်များအတိုင်း စရန်ငွေကျပ်သိန်း ၉၀ ပေးပြီးဖြစ်၍ ကျန်ငွေကျပ်သိန်း ၈၀ကို လက်ခံရယူပြီး ရောင်းချထားပြီးဖြစ်သောမြေကွက်အား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) စာချုပ်ပါ စည်းကမ်းချက်အပိုဒ်(၆)ပါအတိုင်း သတ်မှတ်ပေးထားသောနေ့ရက်တွင် မြေကွက်မရောင်းချပါသဖြင့် ပေးထားပြီးစရန်ငွေကျပ်သိန်း ၉၀၏ နှစ်ဆဖြစ်သော ကျပ်သိန်း ၁၈၀ပေးလျော်စေလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ပဲခူးခရိုင်တရားရုံး

ကြော်ငြာ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် ဆရာကြီးဦးလှထွန်း (ရှမ်းပျိုမယ်တိုင်းရင်းဆေး)၏ဇနီး၊ မောင်မင်းလှိုင်ဖြိုး၏ ချစ်မေမေ **ဒေါ်စန်းစန်းဝေ (ခ) ဒေါ်စန်းဝေ**အား သာသနာတော်ဆိုင်ရာ **သုဓမ္မသီဂီဘွဲ့**တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်သူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသိန်းလှိုင်-ဒေါ်အုံးမြင့်
ရှမ်းပျိုမယ်ဖြန့်ချိရေး(မွန်ပြည်နယ်)၊ မော်လမြိုင်မြို့

ကမ္ဘာ့အဆင့်ပညာရေးကို ပြည်တွင်း၌ စရိတ်သက်သာစွာ ရယူနိုင်မည့် အခွင့်အလမ်းများ

ဟောပြောပွဲ ဖိတ်ကြားလွှာ

- ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှချီးမြှင့်သည့် HND Diploma မှတစ်ဆင့် ကမ္ဘာ့အဆင့်ပညာရေးကို ပြည်တွင်း၌ပင် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ {3+0 (သို့) 2+1 program}
- နိုင်ငံတကာရှိ Edexcel Approved Centres (တက္ကသိုလ်၊ ကောလိပ်များ) အားလုံး၌တပြေးညီ ကျင့်သုံးလျက်ရှိသည့် Quality Assurance Process ၊ စာသင်ကြားမှုပုံစံ (Teaching Methodology) များနှင့် စစ်ဆေးအကဲဖြတ်မှု ပုံစံများ (Accessment Method)
